# နန္ဒာသိန်းဇံ

1764

ဒေါ်လှဲ့လှဲ့ဝင်း

## နက္ခတ်ဗေဒပညာနှင့်
## မာတို့၏အတွေးအမြင်အစဉ်အလာ



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ... ဒို့အရေး
အချုပ်အချာအာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်"

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

# နက္ခတ်ဗေဒင်ပညာနှင့်
# မြန်မာတို့၏ အတွေးအမြင်အစဉ်အလာ

စာမူခွင့်ပြုချက်အမှတ်　–　၁၈ / ၉၉ (၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်　–　၃၆၃ / ၉၉ (၇)

**ထုတ်ဝေသူ**
ဦးအောင်ကြီး (၀၉၈၆)
ရွှေပုရပိုက်စာပေ
(၅)၊ တင့်ဆန်းလမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ**
ဒေါ်ခင်သန်း (၀၂၆၇၂)
နဝရတ်ပုံနှိပ်တိုက်
၁၈၊ သင်္ဂဟလမ်း၊ ကျောက်မြောင်း
ရန်ကုန်မြို့။

အုပ်ရေ　–　၁၀၀၀
တန်ဖိုး　–　၂၂၅ ကျပ်
အောက်တိုဘာလ၊ ၁၉၉၉ခုနှစ်
ပထမအကြိမ်

# နက္ခတ်ဗေဒင်ပညာနှင့်
# မြန်မာတို့၏ အတွေးအမြင်အစဉ်အလာ

နန္ဒာသိန်းဇံ
ဒေါ်လှုံလှုံဝင်း

ယောစာအုပ်တိုက်

# ကျေးဇူးတင်လွှာ

နက္ခတ်ဗေဒင်ပညာနှင့် မြန်မာတို့၏အတွေးအမြင် အစဉ်အလာစာအုပ်အား ထုတ်ဝေခွင့်ပြုသော ဆရာ သိန်းစံနှင့် ဆရာမဒေါ်လှဲ့လှဲ့ဝင်း တို့အားလည်းကောင်း၊ မျက်နှာဖုံးပန်းချီရေးဆွဲပေးသော ပန်းချီနေသွေးဦးအားလည်း ကောင်း၊ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်း ကူညီကြသူများအားလည်းကောင်း ကျေးဇူးအထူး တင်ရှိပါကြောင်း–

စီစဉ်သူ

**ယောစာအုပ်တိုက်**

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | အမှာ | |
| | နိဒါန်း | |
| ၁။ | ကြယ်၊ ဂြိုဟ်၊ နက္ခတ်၊ တာရာဆိုင်ရာ ကွဲပြားသော အမြင်များ | ၁၇ |
| ၂။ | ကြယ်၊ ဂြိုဟ်၊ နက္ခတ်၊ တာရာနှင့် လူတို့၏ ကံကြမ္မာဆက်စပ်မှုဆိုင်ရာ အမြင်များ | ၄၃ |
| ၃။ | မြန်မာ့နက္ခတ်ဗေဒင်နှင့် မြန်မာ့ရိုးရာ ဗေဒင်ပညာဆိုင်ရာ အယူအဆများ | ၅၉ |

၄။ ကံကြမ္မာယုံဝါဒ (Fatalism) နှင့်
ပြဋ္ဌာန်းခံဝါဒ (Determinism) ဆိုင်ရာ
အမြင်များ ၈၃
၅။ မြန်မာနိုင်ငံသို့ အိန္ဒိယမှ ဟိန္ဒူဝါဒနှင့်
ဗုဒ္ဓဝါဒဆိုင်ရာ ယဉ်ကျေးမှုများ
ဝင်ရောက်လာခြင်း ၉၁
၆။ ထေရဝါဒရှိ ကံ-ကံ၏အကျိုး ယုံ
ကြည်မှုကို အခြေခံသော မြန်မာတို့၏
ကံကြမ္မာဆိုင်ရာ ယုံကြည်မှုနှင့် ဓလေ့
ထုံးစံများ ၉၅
၇။ ကံကြမ္မာနှင့်စပ်လျဉ်း၍ မြန်မာမှုတွင်
ထေရဝါဒအမြင်နှင့် ဆက်စပ်လက်ခံပုံ ၁၁၉
နိဂုံး ၁၂၇
ကိုးကားကျမ်းများ ၁၃၅

# အမှာ

မြန်မာတို့၏ တွေးမြင်ပုံ တွေးမြင်နည်းကို ဖော်ထုတ် ...အတွက် သက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့်တွဲ၍ လိုအပ်သော ...က်အလက် အထောက်အထားများ ရှာပါသည်။ အထူး ...ဖြင့် အိန္ဒိယမှဝင်ရောက်လာသော တရားဥပဒေရေးရာ ... လူမှုရေးကျင့်ဝတ်များ၊ ဓလေ့ထုံးစံများ၊ ဘာသာ ...ပုဒ်ဒများ အစရှိသည်တို့အပေါ် မြန်မာတို့ မည်ကဲ့သို့ ...ပြန်၍ မိမိတို့၏အတွေးအမြင်ကို တည်ဆောက်ခံယူခဲ့ ...ကြောင်းကို လေ့လာကြသည်။ သက်ဆိုင်ရာ ခေါင်းစဉ် ...ဖြင့် စာတမ်းများပြုစုခဲ့ကြသည်။ ယခု စာတမ်းသည် ...င်းတို့အနက်မှ တစ်ခု ဖြစ်ပါသည်။

ဤစာတမ်း၌ ဖော်ပြထားသော နက္ခတ်ဗေဒင်ဆိုင်ရာ ...က်အလက်အကြောင်းအရာများသည် တိကျခြင်း၊ ပြည့်စုံ ...ခြင်း ရှိချင်မှ ရှိပါလိမ့်မည်။ ဤစာတမ်း၏ ရည်ရွယ်ချက်မှာ ...က္ခတ်ဗေဒင် အစရှိသည်တို့အပေါ် အမှီပြု၍ ဖြစ်ပေါ်လာ ...သာ မြန်မာတို့၏ တွေးခေါ်ပုံ တွေးခေါ်နည်း Ways of Thinking ကို ရှာဖွေဖော်ပြရန်သာဖြစ်၍ ဤစာတမ်း၌ ...ော်ပြထားသော နက္ခတ် ဗေဒင် အစရှိသည်တို့၏ မှန်ခြင်း၊ ...ခြင်း၊ ကောင်းခြင်း၊ ဆိုးခြင်းတို့ကို ဖော်ပြရန်မဟုတ်ပါ။ ...င်းတို့ကို လက်ခံရန် သို့မဟုတ် ပစ်ပယ်ရန်ကို ဖော်ပြရန်

လည်း မဟုတ်ပါ။ ယင်းတို့အပေါ် အခြေခံ၍ ဖြစ်ပေါ်လာသော မြန်မာတို့ တွေးခေါ်ပုံတွေးခေါ်နည်း၊ ရှုမြင်ပုံ ရှုမြင်နည်းသည်…

- လူတို့၏ အကောင်း အဆိုး ဖြစ်ရခြင်းမှန်သမျှကို တန်ခိုးရှင်တစ်ဦးဦးက ပြဋ္ဌာန်းစီမံပြီးဖြစ်သည်ဟူသော Pre-determination အမြင်အမျိုးမျိုးမှ လည်းကောင်း၊
- လူတို့၏ ဖြစ်ဖြစ်သမျှသော အကောင်းအဆိုးဟူသမျှသည် ပြင်ပ အကြောင်းတရားတစ်ခုခုက ကြိုတင်စီစဉ်ထားပြီး ဖြစ်သည်ဟူသော Fatalism အမြင်အမျိုးမျိုးမှ လည်းကောင်း၊
- အကောင်း အဆိုး ကုသိုလ် အကုသိုလ် ဆိုသည်မှာ စင်စစ်အားဖြင့် မရှိ။ လူတို့၏ ထင်မြင် သတ်မှတ်ယူဆထားခြင်းများသာ ဖြစ်သည်ဟူသော Nihilism အမြင်အမျိုးမျိုးမှလည်းကောင်း လွတ်ကင်းသည်။ ထိုသို့လွတ်ကင်းသောအမြင်ကို တိုင်းတစ်ပါးမှ ဝင်လာသော အယူအဆများအပေါ် မြန်မာတို့ မည်ကဲ့သို့ တုံ့ပြန်မှုများပြုခဲ့သောကြောင့် ရရှိလာခြင်းဖြစ်သည်ဟု ဖော်ပြဖို့ရန်သာ ဤစာတမ်း၏ ပဓာနရည်ရွယ်ချက် ဖြစ်ပါသည်။

ယော စာ အုပ် တိုက်

## နိဒါန်း

ခေတ်မီတိုးတက်နေသော ယနေ့ကမ္ဘာပေါ်ရှိ လူမျိုး၊ နိုင်ငံအသီးသီးတွင် ရင်ဆိုင်နေကြရသည့် ပြဿနာများအနက် အရေးပါသည့် ပြဿနာတစ်ရပ်မှာ မိမိလူမျိုး၊ မိမိနိုင်ငံ၏ အမျိုးသားရေး ဝိသေသ လက္ခဏာရပ်များ မတိမ်ကော၊ မပျောက်ပျက်အောင် မည်သို့မည်ပုံ ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားသင့်သနည်းဟူသော ပြဿနာရပ်ပင် ဖြစ်သည်။

အမှန်စင်စစ် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ ရေရှည်တည်တံ့ တိုးတက်ဖွံ့ဖြိုးရေးတွင် ရုပ်ပိုင်း

ဆိုင်ရာ ကဏ္ဍ၌ အတတ်ပညာ၊ နည်းပညာများ တိုး တက် ဖွံ့ဖြိုးရန် လိုအပ်သကဲ့သို့၊ စိတ်ပိုင်းဆိုင်ရာ ကဏ္ဍ၌ အသိပညာ၊ အတွေးအခေါ်များ တိုးတက် ဖွံ့ဖြိုးမှုသည်လည်း လွန်စွာအရေးကြီးသည်။ ခေတ်မီ တိုးတက်နေသော ယနေ့ မျက်မှောက်ကာလတွင် လူမျိုးအသီးသီး၊ နိုင်ငံအသီးသီးတို့ကြား၌ ရုပ်ပိုင်း ဆိုင်ရာ အတတ်ပညာ၊ နည်းပညာများ အချင်းချင်း လွယ်လင့်တကူ ကူးလူးယှက်နွယ်လျက်ရှိသကဲ့သို့ စိတ်ပိုင်းဆိုင်ရာ အတွေးအခေါ်၊ ယုံကြည်သက်ဝင်မှု တို့သည်လည်း လွယ်လင့်တကူ ကူးလူးယှက်နွယ် လျက်ရှိသည်။

ယင်းတို့အထဲတွင် . . . ရှေးအစဉ်အလာကတည်း က အချင်းချင်းကူးလူးယှက်နွယ်လျက် လူ့သမိုင်းစဉ် ကို အထောက်အပံ့ပြုခဲ့သော ကဏ္ဍမှာ "ယဉ်ကျေး မှု" ကဏ္ဍပင် ဖြစ်သည်။ လူမျိုးတစ်မျိုး၊ နိုင်ငံ တစ် နိုင်ငံ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုး တိုးတက်မှု ကို သိသာထင်ရှားစေသောအရာမှာလည်း ထိုလူမျိုး၊

ထိုနိုင်ငံ၏ ယဉ်ကျေးမှုအဆင့်အတန်းပင် ဖြစ်သည်။ ယဉ်ကျေးမှုဟု ဆိုရာ၌ ထိုလူမျိုး၊ ထိုနိုင်ငံ၏ ဓလေ့ထုံးစံ၊ ကိုးကွယ်ယုံကြည်မှု၊ အသိပညာ၊ အတတ်ပညာ စသည်ဖြင့် ကဏ္ဍခွဲများစွာ အကြုံးဝင်သည်။

လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံအနေနှင့် ခေတ်မီအတတ်ပညာ နည်းပညာရပ်များ လွန်စွာ ဖွံ့ဖြိုး တိုးတက်၍ ချမ်းသာကြွယ်ဝသော လူမျိုး၊ ချမ်းသာကြွယ်ဝသောနိုင်ငံအဖြစ်သို့ ရောက်ရှိစေကာမူ ကိုယ်ပိုင် ယုံကြည်မှု၊ အတွေးအခေါ်တို့ ပျောက်ကွယ်သွားလျှင် ထိုလူမျိုး၊ ထိုနိုင်ငံ၏ ယဉ်ကျေးမှု အဆင့်အတန်းကို မြင့်မားသည်ဟု မဆိုနိုင်တော့ချေ။ အမှန်စင်စစ် ရုပ်ပိုင်းကဏ္ဍ၌ အလွန်အမင်း ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အခြားတစ်ဖက်တွင် စိတ်ပိုင်းကဏ္ဍ၌ တန်ဖိုးထားအပ်သော အနှစ်သာရများ ယုတ်လျော့ကျဆင်းသွားတတ်သည့် သဘာဝကို သတိပြုသင့်သည်။

**ယော စာ အုပ် တိုက်**

ဤ၌တွင် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ ကောင်းသော ယဉ်ကျေးမှု အစဉ်အလာများကို ထိန်းသိမ်းစောင့်ရှောက်၍ တိုးတက်ဖွံ့ဖြိုးစေရန် ဆောင်ရွက်ရာ၌ အရေးအကြီးဆုံးကဏ္ဍတစ်ရပ်မှာ ထိုလူမျိုး၏ "ကိုယ်ပိုင်အတွေးအခေါ်"ပင်ဖြစ်သည်။ ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်ဟန်ရှိသော ယဉ်ကျေးမှုသည်သာ ရေရှည်တည်တံ့နိုင်မည်ဖြစ်သဖြင့် ကိုယ်ပိုင်တွေးခေါ်ပုံတွေးခေါ်နည်း (Ways of Thinking) ရှိ ကောင်းသော အစဉ်အလာများကို သိရှိနားလည်ထားဖို့ လိုပေလိမ့်မည်။

ဤစာတမ်းတွင် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်တွေးခေါ်ပုံ တွေးခေါ်နည်းရှိ အစဉ်အလာကောင်းသော ဝိသေသသဘောများကို လေ့လာစောကြောနိုင်ရန်အတွက် မြန်မာတို့၏ ရိုးရာဓလေ့ထုံးတမ်းနှင့် ယုံကြည်သက်ဝင်မှုတို့တွင် လက်ခံထားသော ကံကြမ္မာ ယုံကြည်မှုနှင့်သက်ဆိုင်သည့် အမြင်ကို မြန်မာနက္ခတ်ဗေဒင် (Myanmar Astrology) ကဏ္ဍမှနေ၍ တစေ့တစောင်း တင်ပြထားပါသည်။


ယော စာ အုပ် တိုက်

## ၁။ ကြယ်၊ ဂြိုဟ်၊ နက္ခတ်၊ တာရာဆိုင်ရာ ကွဲပြားသောအမြင်များ

မြန်မာမှုနယ်ပယ်တွင် ကြယ်၊ ဂြိုဟ်၊ နက္ခတ်၊ တာရာ ဟူသော ဝေါဟာရများကို မကြာခဏဆို သလို ယှဉ်တွဲသုံးစွဲလေ့ရှိကြသောကြောင့် သဘော သဘာဝအားဖြင့် အတူတူပင်ဖြစ်သည်ဟု အချို့က ထင်မှတ်တတ်ကြသကဲ့သို့၊ တသီးတခြားစီ ဖြစ် သည်ဟုလည်း အချို့က ထင်မှတ်မှားတတ်ကြ သည်။ ထို့ကြောင့် မြန်မာ့နက္ခတ်ဗေဒင် (Myanmar Astrology) အပါအဝင် အခြားသော နက္ခတ်ဗေဒင် တို့အကြောင်းမလေ့လာမီ နက္ခတ္တဗေဒ (Astronomy) နှင့်ပတ်သက်သော ကြယ်၊ ဂြိုဟ်၊ နက္ခတ်၊ တာရာ ဟူသော ဝေါဟာရများ၏ သဘောသဘာဝကို အနီး စပ်ဆုံး မှန်ကန်စွာလေ့လာဖို့ လိုပေလိမ့်မည်။

ကြယ်။ ။အမှန်စင်စစ် "ကြယ်"(Star)တို့သည် "နေ"များဖြစ်ကြ၍ နေကဲ့သို့ပင် အလင်းရောင် အပူကိုပါ လွှတ်သည်။ နေတွင်ရှိသော ဓာတ်သဘာဝအားလုံးလိုလိုပင် ကြယ်၌ရှိသည်။ အချို့ကြယ်များသည် ကျွန်ုပ်တို့၏ နေထက်ပင် အဆပေါင်းများစွာ ကြီးမား၍ အတောက်ပဆုံးကြယ်များ၏ အလင်းရောင်သည် ကျွန်ုပ်တို့၏ "နေမင်းကြီး"ထက် အဆပေါင်း (၁၀၀,၀၀၀,၀) တစ်သန်းခန့် ပိုမိုတောက်ပကြသည်။ သို့ရာတွင် တကယ်တမ်း၌ ထိုကြယ်တို့နှင့် ကမ္ဘာကြားရှိ အကွာအဝေးသည် နေနှင့်ကမ္ဘာအကြားရှိ အကွာအဝေးထက် အဆပေါင်းများစွာ ပိုဝေးသောကြောင့် သေးသေးငယ်ငယ်မျှသာ မြင်ကြရခြင်း ဖြစ်သည်။

တောက်ပခြင်းအဆင့်ကိုလိုက်၍ ကြယ်များကို အတန်းအစားခွဲထားရာ ကမ္ဘာမြေမှကြည့်သော် အတောက်ပဆုံးဟု ထင်ရသည့် "ရူပကြယ်" မှာ ဒုတိယတန်းစားထဲ၌သာ ပါဝင်သည်။ အမှန်စင်စစ် ကျွန်ုပ်တို့ကမ္ဘာက "နေမင်းကြီး"ဟု အသိအမှတ်ပြု



ပုံ (၁)


ထားသည့် အပူနှင့်အလင်း အားအကောင်းဆုံးဟု ထင်နေသော "နေ"မှာ ကမ္ဘာနှင့် အနီးကပ်ဆုံးသော ကြယ်ကြီးတစ်လုံးမျှသာ ဖြစ်သည်။ ယင်း "နေ"တည်းဟူသော ကြယ်သည်ပင် ကြယ်များအနက် အလတ်တန်းစား အရွယ်မျှသာ ဖြစ်သည်။ အကြီးဆုံးကြယ်များ၏ အချင်းမိုင်သည် ကျွန်ုပ်တို့ "နေ"၏ အချင်းမိုင်ထက် အဆ (၃၀၀,၀) သုံးထောင်ရှိပြီး အသေးငယ်ဆုံး ကြယ်များမှာ ကျွန်ုပ်တို့ "နေ"အချင်း၏ ၄၀၀ ပုံ ၁ပုံသာ ရှိကြသည်။ ကောင်းကင်ယံတွင် ဤကမ္ဘာမြေမှ ကြည့်၍ မြင်နိုင်သည့် ကြယ်စုစုပေါင်းမှာ (၆၀၀,၀၀) ခြောက်သောင်းခန့်ရှိသည်။

ဥပမာ...... "ဟသ်ာတာရာ"၏ စားလုပ်နားရှိ အက်ပ်ဆီလွန်အော်ရိဂေး (Epsilon Aurigae) ကြယ်ကြီးမှာ ကျွန်ုပ်တို့၏ နေမင်းကြီးအချင်းထက် အဆပေါင်း (၂၇၀၀)မျှ ပိုမိုရှည်လျား ကြီးမားလှသည်ဟုဆိုသည်။ (ပုံ-၁)

မြန်မာ့နက္ခတ်ဗေဒင် (Myanmar Astrology) တွင်မူ "နေ"နှင့် "လ" ကို အခြားသော နက္ခတ်၊

တာရာများကဲ့သို့ "ကြယ်မျိုးစုတွင် ထည့်သွင်း လက်ခံခြင်း မရှိပေ။ "နေကို "တနင်္ဂနွေဂြိုဟ်"၊ "လ"ကို "တနင်္လာဂြိုဟ်"အဖြစ် သတ်မှတ်လေ့ရှိသည်။

**ဂြိုဟ်** ။ ။ အနောက်တိုင်း နက္ခတ္တဗေဒ၌ "ဂြိုဟ်" (Planet) ဟူသော အရာတို့မှာ နေကို ဗဟိုပြု၍ လှည့်ပတ်နေသော ကောင်းကင်တန်ဆာများဟု ယူဆသည်။ ဂြိုဟ်သည် ကြယ်နှင့်ကွာခြားသည်။ ဂြိုဟ်၌ ကြယ်ကဲ့သို့ ကိုယ်ပိုင်အလင်းရောင်မရှိ။ နေမှ တစ်ဆင့်ရသော အလင်းရောင်သာရှိသည်။ ၎င်းတို့သည် နေကို အကွာအဝေးအသီးသီးမှ အမြန်နှုန်း အမျိုးမျိုးဖြင့် လှည့်ပတ်နေကြရာ "ဘဲဥပုံ လမ်းကြောင်း" (Elliptical Path) အတိုင်း တစ်ထပ်ပြီး တစ်ထပ် လှည့်ပတ်နေကြသော ကျွန်ုပ်တို့၏ ကမ္ဘာ အပါအဝင် ဂြိုဟ်ပေါင်းမှာ အထင်အရှားအားဖြင့် (၉) လုံးရှိသည်။ နေနှင့်အနီးဆုံးမှစ၍ အစဉ်အတိုင်း ဖော်ပြရသော် ဗုဒ္ဓဟူးဂြိုဟ် (Mercury)၊ သောကြာဂြိုဟ် (Venus)၊ ကမ္ဘာ (Earth)၊ အင်္ဂါဂြိုဟ် (Mars)၊ ကြာသပတေးဂြိုဟ် (Jupiter)၊ စနေဂြိုဟ် (Saturn)၊


ပြိဿရာသီ
မိဿရာသီ
မိန်ရာသီ
ကုံရာသီ
မကာရ
မေထုန်ရာသီ
ဓနုရာသီ
အင်္ဂါ
ကမ္ဘာ
နေ
သောကြာ
ကြာသပတေး
စနေ
ကရကဋ်ရာသီ
သိဟ်ရာသီ
ကန်ရာသီ
တူရာသီ
ဗြိစ္ဆာရာသီ

ပုံ (၂)

ယော စာ အုပ် တိုက်

ယူရေးနပ်စ် (Uranus)၊ နက်ပကျွန်း (Neptune)နှင့် ပလူတို (Pluto)တို့ ဖြစ်ကြသည်။ ယင်းတို့ အားလုံးသည် အနောက်မှ အရှေ့သို့(လက်ဝဲရစ်ပုံစံ)လည်ကြသည်။ (Mercury) နှင့် (Venus) တို့သည် နေနှင့် ကမ္ဘာကြားတွင် ရှိ၍ ကမ္ဘာထက် လည်ပတ်နှုန်း မြန်သည်။ ကျန်ဂြိုဟ်များမှာ ကမ္ဘာ့လမ်းကြောင်း အပြင်ဘက်တွင် ရှိပြီး ကမ္ဘာထက် လည်ပတ်နှုန်းနှေးသည်။ (ပုံ–၂)

၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလ၌ အမေရိကန်ပြည်ထောင်စု၊ ကာလီဖိုးနီးယားပြည်နယ်၊ ပစာဒီးနားရှိ စက်မှုလက်မှုသိပ္ပံဌာနမှ နက္ခတ္တဗေဒပညာရှင်ဒေါက်တာချားလ်(စ်)ကိုဝေါ(လ်) (Dr. Charles Kowal) တွေ့ရှိခဲ့သော ရုပ်ဝတ္ထုကို ကျွန်ုပ်တို့ နေစကြဝဠာ၏ "ဒသမမြောက်" တွေ့ရှိရသော ဂြိုဟ်တစ်လုံးအဖြစ် သတ်မှတ်မည်ဆိုပါက "နေ"မှ အနီးအဝေးကိုလိုက်၍ ရေတွက်သော် ဂြိုဟ်များ၏အစဉ်မှာ အောက်ပါကဲ့သို့ ဖြစ်ပေမည်။ (၁) ဗုဒ္ဓဟူးဂြိုဟ်၊ (၂) သောကြာဂြိုဟ်၊ (၃) ကမ္ဘာ၊ (၄) အင်္ဂါဂြိုဟ်၊

(၅) ကြာသပတေးဂြိုဟ်၊ (၆) စနေဂြိုဟ်၊ (၇) ဂြိုဟ်ငယ် (ဒသမမြောက်တွေ့ရသည်)၊ (၈) ယူရေးနပ်စ်ဂြိုဟ်၊ (၉) နက်ပကျွန်းဂြိုဟ်နှင့် (၁၀) ပလူတိုဂြိုဟ်တို့ ဖြစ်ကြသည်။

ထို့ကြောင့် သာမန်အားဖြင့် ရွေ့လျားမှုမရှိ၊ တည်ငြိမ်နေကာ မှိတ်တုတ်မှိတ်တုတ်ဖြစ်သော အရာကို "ကြယ်"ဟုလည်းကောင်း၊ ရွေ့လျားလျက် အလင်းရောင် တောက်ပမှု တည်ငြိမ်ပါက "ဂြိုဟ်"ဟု လည်းကောင်း အကြမ်းဖျင်း ခွဲခြားသိရှိနိုင်ပါသည်။ သို့ပွဲအမြင်အရ ကျွန်ုပ်တို့ လက်ရှိနေထိုင်လျက်ရှိသည့် စကြဝဠာကို "နေ"တည်းဟူသော ကြယ်တစ်လုံး၊ ဂြိုဟ် (၉) လုံး၊ လ (၅၀) လုံးကျော်ခန့်တို့ဖြင့် ဖွဲ့စည်းထားသည်။

မြန်မာမှုတွင် "ဂြိုဟ်"ဟူသည်မှာ "အိမ်" သို့မဟုတ်၊ "ဗိမာန်" ဟု အဓိပ္ပာယ်ရသည်။ ထို့ကြောင့် သက်ဆိုင်ရာဂြိုဟ်အသီးသီး၌ ၎င်းတို့နှင့်ဆိုင်သော အစိုးရသည့် ဂြိုဟ်မင်းများလည်း အသီးသီးရှိကြောင်း လက်ခံယုံကြည်ကြသည်။ "နေ"ကို "တနင်္ဂနွေ

ဂြိုဟ်မင်း"၊ "လ" ကို "တနင်္လာဂြိုဟ်မင်း" ဟူ၍ သတ်မှတ်ထားပြီး အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ ကြာသပတေးဂြိုဟ်၊ သောကြာဂြိုဟ်၊ စနေဂြိုဟ်တို့အပြင် ရာဟုဂြိုဟ်နှင့် ကိတ်ဂြိုဟ်ဟူ၍လည်းရှိသည်။ စင်စစ် ရာဟုဂြိုဟ်နှင့် ကိတ်ဂြိုဟ်တို့မှာ ကမ္ဘာ၏ ဂြိုဟ်ပတ်လမ်းကြောင်းတွင် မပါဝင်ဘဲ နက္ခတ်ဗေဒင်ဆိုင်ရာအမြင်၌သာ လက်ခံထားသော ဂြိုဟ်များ ဖြစ်သည်။

မြန်မာ့နက္ခတ်ဗေဒတွင် လက်ခံထားသော "လ" မှာ ကမ္ဘာနှင့်သက်ဆိုင်သော "လ" တစ်လုံးတည်းသာဖြစ်သည်။ စင်စစ် သိပ္ပံအမြင်အရ ကမ္ဘာတွင် လ (၁) လုံးရှိကာ ဗုဒ္ဓဟူးဂြိုဟ်နှင့် သောကြာဂြိုဟ်တို့တွင် လ (၁) လုံးမျှ မရှိကြချေ။ အင်္ဂါဂြိုဟ်တွင် လ (၂) လုံး၊ ယူရေးနပ်(စ်)ဂြိုဟ်တွင် လ (၁၅) လုံး၊ ကြာသပတေးဂြိုဟ်တွင် လ (၆) လုံး၊ စနေဂြိုဟ်တွင် လ (၂၀) လုံး၊ ပလူတိုဂြိုဟ်တွင် လ (၁) လုံး၊ နက်ပကျွန်းဂြိုဟ်တွင် လ (၈) လုံးရှိကြောင်း တွေ့ရှိရသည်။

ဇယား (၁)

| သိပ္ပံပညာ | သက္ကတ/ပါဠိ | ဟင်ဒီ | မြန်မာ | အနောက်တိုင်း သင်္ကေတ |
|---|---|---|---|---|
| မာကျူရီ | ဗုဓ | ဗုဓ | ဗုဒ္ဓဟူး | ☿ |
| ဗီးနပ်စ် | ဂုကြ | ဂုကြ | သောကြာ | ♀ |
| ကမ္ဘာ | - | ပထွိ/ပထဝီ | - | - |
| မားစ် | မံဂလ/အင်္ဂါရ | မံဂလ | အင်္ဂါ | ♂ |
| ဂျူပီတာ | ဗုဟသ္ပတိ/ဂုရု | ဗုဟသ္ပတိ/ဂုရု | ကြာသပတေး | ♃ |
| ဆေတန် | ဂနိ | ဂနိ | စနေ | ♄ |
| ယူရေးနပ်စ် | - | ဝါရုဏ | - | - |
| နက်ပ်ကျွန်း | - | ဟရိဂြဟ(ကြိုဟ်စိမ်း) | - | - |
| ပလူတို | - | ပိတိဂြဟ | - | - |
| - | ရာဟု | - | ရာဟု | ☊ |
| - | ကေတု | - | ကိတ် | ☋ |
| - | နေ | - | တနင်္ဂနွေ | ☉ |
| - | လ | - | တနင်္လာ | ☽ |

သိပ္ပံအမြင်၊ သက္ကဋ၊ ပါဠိ၊ ဟင်ဒီ၊ မြန်မာနှင့် အနောက်တိုင်းအခေါ်အဝေါ် သင်္ကေတများအရ ဂြိုဟ်များနှင့်ဆိုင်သော နှိုင်းယှဉ်ချက်ကို ပူးတွဲပါ **ဇယား(၁)** ၌ လေ့လာနိုင်ပါသည်။

**နက္ခတ်** ။ ။ ရှေးလူတို့သည် ကောင်းကင်၌ မြင်ရ ကျဲလျက်ရှိသော ကြယ်များအနက် ထွန်းလင်း တောက်ပသော နီးစပ်ရာကြယ်အစုအဖွဲ့များကို စိတ်ကူး မျဉ်းများ ရေးဆွဲ၍ နက္ခတ်များအဖြစ် ပုံသဏ္ဌာန် အမျိုးမျိုးဖော်ကာ နောက်ခံ ကြယ်ပုံပြင်များဖြင့် ယောကျ်ား၊ မိန်းမ၊ တိရစ္ဆာန် အမည်အမျိုးမျိုး မှည့် ခေါ်လေ့ရှိကြသည်။

အနောက်တိုင်းရှိ အစဉ်အလာ နက္ခတ္တဗေဒသမိုင်း ကြောင့်... ရှေးအီဂျစ်၊ ဗေဗီလုံ၊ ဂရိ၊ ရောမလူမျိုးတို့ သည် ကောင်းကင်ယံရှိ ကြယ်အစုအဖွဲ့များကို လေ့ လာ မှတ်သားပြီးနောက် မှတ်ရလွယ်ကူစေရန် လူပုံ၊ ငှက်ပုံ၊ မြွေပုံ၊ သားရဲတိရစ္ဆာန်ပုံစသည်ဖြင့် ပုံသဏ္ဌာန် အမျိုးမျိုး၊ နောက်ခံ ပုံပြင်ဇာတ်ကြောင်း အမျိုးမျိုးတို့ ကို အစွဲပြု၍ အမည်မှည့်ခေါ်ခဲ့ကြသည်။ အချို့ကြယ်စု

များကို ဂရိလူစွမ်းကောင်းတို့၏ အမည်၊ ဂရိဒဏ္ဍာရီလာ နတ်သား၊ နတ်သမီးတို့၏ အမည်များဖြင့် မှည့်ခေါ်၍ သက်ဆိုင်ရာ နောက်ခံ ကြယ်ပုံပြင် များကိုလည်း လက်ခံယုံကြည်ကြသည်။

ကြယ်တစ်လုံးနှင့် တစ်လုံးအကြား စိတ်ကူးမျဉ်း ရေးဆွဲရာ၌ ဒေသအလိုက်၊ လူမျိုးအလိုက် စိတ်ကူး စိတ်သန်း ခြားနားမှုရှိသဖြင့် မြန်မာ့နက္ခတ္တဆိုင်ရာ အမည်နာမများနှင့် အနောက်တိုင်းနက္ခတ္တဆိုင်ရာ အမည်နာမများမှာ ကွဲပြားခြားနားကြသည်။


ဥပမာ...

(က) မြန်မာအခေါ် "ကျီးတာရာ" ကြယ်စု အပါအဝင် အခြားကြယ်စုကြီးတစ်ခုကို အနောက် တိုင်း နက္ခတ်ပုံပြင်လာ ဂရိ နတ်မင်း ဂျူပီတာ (Jupiter) ၏ သား တော်"ပါစီးယပ်စ်" (Perseus)ဟု အမည် မှည့်ခေါ်ထားသည်။ **(ပုံ-၃)**

(ခ) မြန်မာအခေါ် "ဗျိုင်းတာရာ" ကြယ်အစု သည် ကြယ်ငါးလုံးဖြင့် ဖွဲ့စည်းထားပြီး

အင်္ဂလိပ်စာလုံး (w)နှင့်တူသည်။ ယင်းကို အလင်းအားနည်းသော ကြယ် (၄) လုံးဖြင့် ထပ်မံဖြည့်စွက်၍ စိတ်ကူးမျဉ်း ဆွဲသည်။ ထိုကြယ်စုကို အနောက်တိုင်း နက္ခတ္တအခေါ်အဝေါ်၌ "ဘုရင်မကက်စီယိုပီးယား" (Cassio-peia) ကြယ်စုဟု အမည်တွင်သည်။ (ပုံ-၃)

မြန်မာ့နက္ခတ္တပညာရှင်များအနေဖြင့် မိုးကောင်း...င်မှ ကြယ်များကို နက္ခတ်(၂၇)လုံး၊ အတွင်း...ာရာကြီး (၉)လုံး၊ အပြင်တာရာ (၂၈)လုံးနှင့် အလွတ်တာရာများဟု ခွဲခြားသတ်မှတ် ခေါ်ဆိုလေ့...ှိသည်။ ယင်းတို့အနက် နက္ခတ်များသည်သာ အရေး...ကြီးဆုံး ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နက္ခတ်အမည်ရ ကြယ်စုတို့သည် နေ၊ လ၊ ဂြိုဟ်များ လှည့်...တ် သွားလာနေကြသည့် လမ်းကြောင်းပေါ်နှင့်...နီးအနားတစ်ဝိုက်၌ တည်ရှိကြသောကြောင့် ဖြစ်...သည်။



ပုံ (၃)

"လ"သည် ထိုနက္ခတ်တို့တည်ရှိရာ နေရာများကို တစ်လလျှင် တစ်ကြိမ်ကျ လှည့်ပတ်သွားလာနေသည်။ ဗုဒ္ဓဟူးဂြိုဟ်သည် (၈၈) ရက်လျှင် တစ်ပတ်၊ သောကြာဂြိုဟ်သည် (၂၄၃) ရက်လျှင် တစ်ပတ်၊ ကမ္ဘာသည် (၃၆၅) ရက်လျှင် တစ်ပတ်၊ အင်္ဂါဂြိုဟ်သည် (၆၈၇) ရက်လျှင် တစ်ပတ်၊ ကြာသပတေးဂြိုဟ်သည် (၁၁) နှစ်နှင့် (၃၁၄) ရက်လျှင် တစ်ပတ်၊ စနေဂြိုဟ်သည် (၂၉) နှစ်နှင့် (၁၆၈) ရက်လျှင် တစ်ပတ်၊ ယူရေးနပ်(စ်) ဂြိုဟ်သည် (၈၄) နှစ်နှင့် (၇) ရက်လျှင် တစ်ပတ်၊ နက်ပကျွန်းဂြိုဟ်သည် (၁၆၄) နှစ်နှင့် (၂၈၅) ရက်လျှင် တစ်ပတ်ကျစီ ယင်းနက္ခတ်များကို လှည့်လည် သွားလာနေသည်။ ထို့ကြောင့် လစဉ် လပြည့်နေ့ည သန်းခေါင် ချိန်တွင် လနှင့်ယှဉ်လျက် မြင်ရသော နက္ခတ်ကို စန်းပြည့်နက္ခတ်ဟု ခေါ်ဆိုသတ်မှတ်ကြသည်။ နက္ခတ် (၂၇) လုံးအနက် စန်းပြည့်နက္ခတ်အဖြစ် ရွေးချယ်ထားသော နက္ခတ် (၁၂) လုံးမှာ ပို၍အရေးပါသည်။

မြန်မာစာပေတွင် ပျို့၊ ကဗျာ၊ ရတု၊ လူးတား၊ အိုင်ချင်း၊ အဲချင်း၊ တျာချင်း၊ လွမ်းချင်း၊ လေးချိုး၊ သဖြန်၊ တေးထပ်၊ ခွန်းထောက်၊ မှာတမ်း၊ သံပေါက်၊ လေပြေ၊ ညည်းချင်းနှင့် စည်တော်သံများအထိ နက္ခတ်များအကြောင်းကို မှတ်သားရလွယ်အောင် အမျိုးမျိုး အဖုံဖုံ သီကုံးဖွဲ့နွဲ့၍ မှတ်သားလေ့ရှိသည်။

ဥပမာ… “အာကာသသျှုတ္တရပျို့လင်္ကာ၌…

“**အဿဝဏီ၊ ဘရဏီမည်သာ၊ ကြတ္တိကာနှင့် နောင်လာ ရောဟိဏီ၊ မိဂသီက၊ အဒြတည့် ပုဏ္ဏဖုသျှ၊ ခေါ်မှုဖုသျှ၊ ထွန်းပရောင်ဖီတ်၊ အဿလိဿ၊ မာဃပြုဗ္ဗာ၊ ဥတ္တရာဖလဂုနီ၊ စီလျက်နောက်က၊ ဟဿတနှင့် စိတြသွာတိ၊ မှတ်သိ လွယ်စွာ၊ ဝိသာခါ နုရာဓ၊ ဇေဋ္ဌမူလ၊ ဆင်လှ လှမ်းဟန်၊ ပြုဗ္ဗာသဠ်နှင့်၊ သဂ္ဂဏ္ဍာန်ဆင်ခြေ၊ အနေတူစွာ၊ ဥတ္တရာသဠ်၊ သရဝဏ္ဏ၊ ထွန်းပ ရောင်ဖီတ်၊ ဓနသိဋ္ဌ၊ သတ္တဘိသျှ၊ တောဇ ဝှန်ဟု၊ ပြုဗ္ဗာဘဒြပိုဒ်၊ စဉ်ဆိုက် မကျွာ၊ ဥတ္တရာဘဒြပိုဒ် သမိုက်ခေါ်ညီ၊ ရေဝတီ တည်း…***

---

* ပေါင်းတည် ဘုန်းကြည်၊ နက္ခတ်ကြည့်ရှုနည်းနှင့် ကြယ်ပုံပြင်များ။ စာ–၁၁၆

ဟူ၍ နက္ခတ် (၂၇) လုံးကို မှတ်သားရွတ်ဆိုလေ့ရှိသည်။

**တာရာ။** ။ အနောက်တိုင်းတွင် တာရာ (Taya) ဟူသော ဝေါဟာရနှင့်ပတ်သက်၍ သီးခြား မှတ်သားသုံးစွဲကြောင်း မတွေ့ရ။ နက္ခတ်နှင့် တာရာဟူသော သဘောနှစ်ရပ်စလုံးကို ကြယ်စု (Group of Stars) အနေဖြင့်သာ လက်ခံကြဟန်တူသည်။ taya ဟူသည် သက္ကတစကား tara သို့မဟုတ် stara မှ ဆင်းသက်လာခြင်းဖြစ်ပြီး ထိုမှတစ်ဆင့် starသို့ မဟုတ် stull ဟူ၍ ဖြစ်လာသည်။ သက္ကတဘာသာကို အရင်းခံသော အင်ဒို–ယူရိုပီယန်ဘာသာစကား (Indo-European Language) တစ်ရပ်ဖြစ်သည့် လက်တင် (Latin) ဘာသာ၌ ကြယ်ကို (staller) ဟုခေါ်ဆိုပြီး ထိုမှ တစ်ဖန် အင်္ဂလိပ်ဘာသာစကား၌ (star)ဟု ခေါ်ဆိုကြခြင်းကြောင့် star ဟူသော ဝေါဟာရသည် သက္ကတစကား tara နှင့် ဆက်စပ်နေသည်။ ထို့ကြောင့် တာရာ (Taya) ဟူသည် ကြယ်များဖြင့် ဖွဲ့စည်းထားသော "ကြယ်စု"အဖြစ် မှတ်ယူခြင်းမှာ အသင့်လျော်ဆုံး ဖြစ်သည်။

မြန်မာ့နက္ခတ်ဗေဒတွင်မူ တာရာဟူသည် နက္ခတ် (၂၇) လုံးနှင့် အစဉ်တစိုက် ယှဉ်နေသော အဓိက ကြယ်စုကြီး (၉) ခုကို ဆိုလိုသည်။ မြန်မာမှု၌ နက္ခတ် (၂၇) လုံးနှင့် တာရာ (၉) လုံး ဆက်စပ်ပုံကို အောက်ပါ အတိုင်း တွေ့ရှိရသည်။

| | | | |
|---|---|---|---|
| (၁) ကျိုးတာရာ | ၁။ အဿဝဏီနက္ခတ် | မြင်းခေါင်းသဏ္ဌာန် | (၆) လုံးရှိသည်။ |
| | ၂။ ဘရဏီနက္ခတ် | ခုံလောက်သဏ္ဌာန် | (၃) လုံးရှိသည်။ |
| | ၃။ ကြတ္တိကာနက္ခတ် | ကြက်ငယ်စုသဏ္ဌာန် | (၇) လုံးရှိသည်။ |
| (၂) ဟင်္သာတာရာ | ၄။ ရောဟိဏီနက္ခတ် | ငါးကြင်းသဏ္ဌာန် | (၁၀) လုံးရှိသည်။ |
| | ၅။ မိဂသီနက္ခတ် | လိပ်ဦးခေါင်းသဏ္ဌာန် | (၃) လုံးရှိသည်။ |
| | ၆။ အဒြနက္ခတ် | လိပ်လက်သဏ္ဌာန် | (၁) လုံးရှိသည်။ |

…ဆွန်တာရာ —

- ၇။ ပုဏ္ဏဖုသျှနက္ခတ် – သဘော်သဏ္ဌာန် (၅) လုံးရှိသည်။
- ၈။ ဖုသျှနက္ခတ် – ငှက်ချေးခံသဏ္ဌာန် (၁၀) လုံးရှိသည်။
- ၉။ အသဿလိဿနက္ခတ်– ခက်ရင်းသဏ္ဌာန် (၄) လုံးရှိသည်။

…ချိန်တာရာ —

- ၁၀။ မာဃနက္ခတ် – သံကောက်သဏ္ဌာန် (၄) လုံးရှိသည်။
- ၁၁။ ပြုဗ္ဗာဘရဂုဏ္ဏီနက္ခတ်–ညောင်စောင်းသဏ္ဌာန် (၄) လုံးရှိသည်။ +ဥတ္တရာဘရဂုဏ္ဏီ
- ၁၂။ ဥတ္တရာနက္ခတ် – ညောင်စောင်းသဏ္ဌာန် (၄) လုံးရှိသည်။ + ပြုဗ္ဗာဘရဂုဏ္ဏီ

(၅) ဆံကျင်တာရာ

- ၁၃။ ဟဿဒနက္ခတ်–လက်ငါးချောင်းသဏ္ဍာန် (၅)လုံးရှိသည်။
- ၁၄။ စိတြနက္ခတ် –ပုလဲသဏ္ဍာန် — (၁)လုံးရှိသည်။
- ၁၅။ သွာတိနက္ခတ် – ကသစ်ပွင့်သဏ္ဍာန် (၂) လုံးရှိသည်။

(၆) တံငါတာရာ

- ၁၆။ ဝိသာခါနက္ခတ်–ပတ်ဆိုင်းဝိုင်းသဏ္ဍာန် (၁၄)လုံးရှိသည်။
- ၁၇။ အနုရာဓနက္ခတ်–နဂါးလည်ဆစ်သဏ္ဍာန် (၁၅)လုံးရှိသည်။
- ၁၈။ ဇေဋ္ဌနက္ခတ် –နဂါးချက်မဟုခေါ်၍ (၅)လုံးရှိသည်။

ဆင်တာရာ —

- ၁၉။ မူလနက္ခတ် - နဂါးအမြီးဟု ခေါ်၍ (၄)လုံး ရှိသည်။
- ၂၀။ ပြုဗ္ဗာသဠ်နက္ခတ်–ဥတ္တရာသဠ်နက္ခတ် နှင့်ပေါင်း၍ ဆင်မ,လှမ်းဟန် ၄ လုံး ရှိသည်။
- ၂၁။ ဥတ္တရာသဠ်နက္ခတ်–ပြုဗ္ဗာသဠ်နက္ခတ် နှင့်ပေါင်း၍ ဆင်မ,လှမ်းဟန် (၄) လုံး ရှိသည်။

မြင်းတာရာ —

- ၂၂။ သရဝဏ်နက္ခတ်–မြား/မောင်းရင် ဆိုင်းထမ်း သဏ္ဌာန် (၃)လုံး တန်း လျက်ရှိသည်။
- ၂၃။ ဓနသိဒ္ဓိနက္ခတ်–အင်ကြင်းသီး သဏ္ဌာန် (၄)လုံး ရှိသည်။
- ၂၄။ သတ္တဘိသျှနက္ခတ်–ဆုံကြီးသဏ္ဌာန်-(၆)လုံး ရှိသည်။

(၉) ဖျိုင်းတာရာ —
- ၂၅။ ပြုဗ္ဗာပုရပိုဒ်–ဥတ္တရာပုရပိုဒ်နက္ခတ်နှင့် နက္ခတ် ပေါင်း၍ အင်းပျဉ်သဏ္ဍာန် (၄) လုံး ရှိသည်။
- ၂၆။ ဥတ္တရာပုရပိုဒ်–ပြုဗ္ဗာပုရပိုဒ်နက္ခတ်နှင့် နက္ခတ် ပေါင်း၍အင်းပျဉ်သဏ္ဍာန် (၄) လုံး ရှိသည်။
- ၂၇။ ရေဝတီနက္ခတ်–မြှားသဏ္ဍာန် (၉) လုံးရှိသည်။

**မှတ်ချက်** ။ ။ "စိုင်တာရာ"ကို "အဘိဇိနက္ခတ်" ဟု ခေါ်ဆိုကြ၍ ၎င်းကိုပါ ထည့်သွင်းရေတွက်ပါက နက္ခတ် (၂၈) လုံး ရှိမည် ဖြစ်ပါသည်။

ကြယ်၊ ဂြိုဟ်၊ နက္ခတ်၊ တာရာတို့ကို လေ့လာရာတွင် သိပ္ပံအမြင်၊ အနောက်တိုင်းနက္ခတ်ဗေဒင် အမြင်နှင့် မြန်မာ့နက္ခတ်ဗေဒင်တို့တွင် ခံယူသုံးစွဲသော အနက်အဓိပ္ပာယ်အသီးသီးတို့၏ တူညီမှုနှင့် ခြားနားမှုတို့ကို **ဇယား** (၂) တွင် နှိုင်းယှဉ်လေ့လာနိုင်ပါသည်။ ။

ဇယား (၂)

| ဝေါဟာရ | သိပ္ပံအမြင် | အနောက်တိုင်းနက္ခတ်ဗေဒင် | မြန်မာ့နက္ခတ်ဗေဒင် |
|---|---|---|---|
| ကြယ် (Star) | ကြယ်ဟူသည် နေနှင့် ဓာတ်သဘာဝချင်းတူသည့် ကမ္ဘာနှင့်အလွန်ဝေးကွာသော နေများပင် ဖြစ်သည်။ ကိုယ်ပိုင်အလင်းရှိပြီး၊ အလင်းရောင်အပူကိုပါ လွှတ်သည်။ ကျွန်ုပ်တို့၏ နေမင်းကြီးထက် အဆများစွာ ကြီးမားသော ကြယ်များစွာရှိသည်။ | ကြယ်ဟူသည် နက္ခတ်၊ တာရာတို့ကို ဖွဲ့စည်းပုံပေါ်စေသည့် ကောင်းကင်တန်ဆာများဖြစ်ပြီး၊ နေ၊ လ၊ ဂြိုဟ်တို့ထက် များစွာ သေးငယ်သည်။ | ကြယ်ဟူသည် နက္ခတ်၊ တာရာတို့ကို ဖွဲ့စည်းပုံပေါ်စေသည့် ကောင်းကင် တန်ဆာများဖြစ်ပြီး နေ၊ လ၊ ဂြိုဟ်တို့ထက် များစွာသေးငယ်သည်။ |

(ဇယား–၂ အဆက်)

| ဝေါဟာရ | သိပ္ပံအမြင် | အနောက်တိုင်းနက္ခတ်ဗေဒင် | မြန်မာ့နက္ခတ်ဗေဒင် |
|---|---|---|---|
| ဂြိုဟ် (Planet) | ဂြိုဟ်ဟူသည် နေကို ဗဟိုပြု၍ လှည့်ပတ်နေသော ကောင်းကင် တန်ဆာများ ဖြစ်ပြီး ကိုယ်ပိုင်အလင်းမရှိပေ။ နေကို လှည့်ပတ်နေသော ဂြိုဟ်များမှာ "ကမ္ဘာ"အပါအဝင် (၉) လုံးရှိသည်။ | ဂြိုဟ် (၉) လုံး ရှိသည်ဟု လက်ခံထားပြီး ယင်းဂြိုဟ်တို့၏ ဂြိုဟ်ပတ်လမ်းနှင့် ရာသီခွင်တို့ပေါ် မှီ၍ လူတို့၏ ကံကြမ္မာ အပြောင်းအလဲ ဖြစ်နိုင်သည်ဟု ခံယူသည်။ ဂြိုဟ် (၉) လုံး၌ "နေ"နှင့်"လ"ကိုပါ ထည့်သွင်းထားသည်။ | ဂြိုဟ် (၉) လုံး ရှိသည်ဟု လက်ခံထားပြီး ယင်းတို့၏ ဂြိုဟ်ပတ် လမ်းကြောင်းနှင့် ရာသီခွင်တို့ပေါ် မှီ၍ လူတို့၏ ကံကြမ္မာ ပြောင်းလဲနိုင်သည်ဟု ခံယူသည်။ ဂြိုဟ် (၉) လုံး၌ "နေ" ကိုတနင်္ဂနွေဂြိုဟ်၊ "လ" ကို တနင်္လာဂြိုဟ်ဟု သတ်မှတ်ထားသည်။ |

(ဇယား–၂ အဆက်)

| [illegible] | သိပ္ပံအမြင် | အနောက်တိုင်းနက္ခတ်ဗေဒင် | မြန်မာ့နက္ခတ်ဗေဒင် |
|---|---|---|---|
| နက္ခတ် နှင့် တာရာ | ကြယ်များဖြင့် ဖွဲ့စည်းပုံ ပေါ်နေသည့် ကြယ်အစုအဖွဲ့။ | ကောင်းကင်၌ ပြန့်ကြဲနေသော ကြယ်များအနက် နီးစပ်ရာ ကြယ်များကို စိတ်ကူးမျဉ်း ရေးဆွဲ ပုံဖော်၍ အမည်အမျိုးမျိုး မှည့်ခေါ်ထားပြီး သက်ဆိုင်ရာ နောက်ခံ ကြယ်ပုံပြင်များရှိသည်။ နက္ခတ်တာရာကို ခွဲမသုံးဘဲ အလဲအလှယ် သုံးလေ့ရှိသည်။ | ကောင်းကင်၌ ပြန့်ကျဲနေသော ကြယ်များ အနက် နီးစပ်ရာတို့ကို စိတ်ကူးမျဉ်း ရေးဆွဲ၍ ပုံဖော်ကာ အမည် အမျိုးမျိုး မှည့်ခေါ်ထားခြင်း ဖြစ်သည်။ နက္ခတ်(၃)လုံးလျှင် တာရာ(၁)လုံးကျစီအဖြစ် ဖွဲ့စည်း သတ်မှတ်ထားပြီး နက္ခတ်(၂၇)လုံးနှင့် တာရာ (၉)လုံး ရှိသည်။ လိုအပ်သလို အစိပ်ပွာယ်နှင့် အလဲအလှယ် သုံးလေ့ရှိသည်။ |

## ကြယ်၊ ဂြိုဟ်၊ နက္ခတ်၊ တာရာနှင့် လူတို့၏ ကံကြမ္မာ ဆက်စပ်မှုဆိုင်ရာ အမြင်များ

လူတို့သည် အလွန်ရှေးကျသော ကာလများ ကတည်းကပင် နေ၊ လနှင့် ဂြိုဟ်၊ နက္ခတ်တို့ အကြောင်းကို စိတ်ဝင်စားခဲ့ကြသည်။ စိတ်ဝင်တစား နေးစမ်းလေ့လာရင်း ကောင်းကင်ယံရှိ ဂြိုဟ်၊ နက္ခတ်၊ တာရာတို့၏ သဘောသဘာဝကို အခြေပြု၍ လူတို့၏ ကံကြမ္မာကို ကြိုတင်ဟောပြောသိရှိနိုင်သည်ဟူသော နက္ခတ်ဗေဒင်ဆိုင်ရာ ယုံကြည်မှုသည် ကမ္ဘာပေါ်ရှိ

လူမျိုးတိုင်းလိုလို၏ ယဉ်ကျေးမှုနယ်ပယ်တွင် ရှေးနှစ်ပေါင်းများစွာကပင် ရှိနေနှင့်ခဲ့ပြီး ဖြစ်သည်။

"ဗေဒင်"ဟူသော ပညာရပ်သည် မြေပြင်နှင့် အာကာသ ကောင်းကင်တွင် ဖြစ်ပေါ်လာသမျှသော အတိတ်၊ နိမိတ်နှင့်တကွ ဂြိုဟ်၊ နက္ခတ်၊ တာရာတို့၏ အထွန်း၊ အညှိုး၊ အငုပ်၊ အပေါ်၊ ကြယ်ကြွေခြင်း၊ ဥက္ကာပျံခြင်း၊ တိမ်တောက်ခြင်း၊ ကြယ်တံခွန်ပေါ်ခြင်း၊ နေကြတ်၊ လကြတ်၊ ဂြိုဟ်ပူးဂြိုဟ်မြင်မှစ၍ ဖြစ်ပေါ်လာသမျှသော အတိတ်၊ နိမိတ်များကို အခြေပြု၍ ဟောဆိုရသော ပညာရပ် ဖြစ်ပါသည်။

ဖွားသက္ကရာဇ်နှင့် အသက်ကို တည်၍ ၇-ခု၊ ၈-ခု၊ ၁၂-ခု စား၍ အကြွင်းအရ တီထွင်ဟောပြောသော နည်းများမှအစ၊ အချိန်၊ နာရီကို မူတည်၍ ဟောသော ဟူးရားဗေဒင်၊ ကာလကြီးဗေဒင်၊ ဂဏန်းဗေဒင်၊ မွေးဖွားချိန်အရ ကောင်းကင် ၁၂ ရာသီဂြိုဟ်၊ လဂ်၊ စန်းတို့ကို ကြည့်၍ ဟောဆိုသော ဗေဒင်ဟူ၍ အမျိုးမျိုးရှိသည့်အနက် မွေးဖွားချိန်တွင် တွက်ယူရရှိ

သည့် ကောင်းကင် ၁၂ ရာသီဂြိုဟ်ခွင်၏ အလား
အလာကို စစ်ဆေးဟောပြောသော ဗေဒင်ပညာသည်
သဘာဝယုတ္တိရှိသည်။ ဂြိုဟ်၊ နက္ခတ်၊ ကြယ်၊
ဘာရာတို့သည် သက်ရှိ၊ သက်မဲ့ ခပ်သိမ်းအပေါ်တွင်
သက်ဆိုင်ရာ သဘာဝအစွမ်းသတ္တိ အရှိန်အဝါဖြင့်
လွှမ်းမိုးချယ်လှယ်နိုင်သည်ဟု ရှေးပညာရှင်တို့က
ယူဆခဲ့ကြသည်။

ဥပမာ... "တနင်္ဂနွေဂြိုဟ်"သည် "နေ"ကို
ကိုယ်စားပြု၍ သက်ရှိ၊ သက်မဲ့တို့၏ အမှီပြုရာ ဖြစ်
သည်နှင့်အညီ "အသက်ဝိညာဉ်၊ အဖ၊ မာန၊ အလုပ်
အကိုင်၊ ရာထူး၊ ဂုဏ်ထူး"ကို အစိုးရ၏။ "တနင်္လာ
ဂြိုဟ်"သည် "လ" ကို ကိုယ်စားပြု၍ "အအေးဓာတ်၊
အမိ၊ စိတ်၊ ငွေ၊ ရတနာ"တို့ကို အစိုးရသည်။
"အင်္ဂါဂြိုဟ်"သည် "အစွမ်းသတ္တိ၊ အရည်အချင်း၊
နှလုံး၊လ၊ စွန့်စားမှု၊ ခိုက်ရန်ဒေါသစိတ်၊ ဘေးရန်
ဥပဒ္ဒဝ၊ စစ်မက်၊ ကျေးကျွန်၊ လင်ယောကျ်ား" တို့
ကို အစိုးရသည်။ "ဗုဒ္ဓဟူးဂြိုဟ်"သည် "အသိဉာဏ်၊

သားသမီး၊ အတတ်ပညာ”ကို အစိုးရသည်။ “ကြာသပတေးဂြိုဟ်”သည် “ပညာဉာဏ်၊ ငွေကြေး၊ ဥစ္စာဓနၤ၊ အကျင့်စာရိတ္တ၊ ဘာသာအယူဝါဒ၊ မိတ်ဆွေ၊ ဆရာ” တို့ကို ဖန်တီးပေးနိုင်သည်။ “သောကြာဂြိုဟ်”သည် “အချစ်ရေး၊ ပျော်ရွှင်မြူးထူးခြင်း၊ မိန်းမ၊ မယား၊ ဂုဏ်ပကာသန၊ ထင်ပေါ်ကျော်စောခြင်း” တို့ကို စွမ်းဆောင်ပေးသည်။ “စနေဂြိုဟ်”ကား “ဆင်းရဲဒုက္ခ၊ အနှောင့်အယှက်၊ အချိန်နှောင့်နှေး ကြန့်ကြာခြင်း၊ ဆွေမျိုးသားချင်း၊ တွေဝေမိန်းမောခြင်း”ကို ဖြစ်စေတတ်သည်။ “ရာဟုနှင့် ကိတ်ဂြိုဟ်”တို့သည် အမှောင်ဂြိုဟ်ဖြစ်၍ ကောင်းကင်၌ ဂြိုဟ်ကိုယ် ဒြပ်အနေနှင့် ထင်ရှားမရှိစေကာမူ“နေကြတ်၊ လကြတ်ကို ဖန်တီးပေးနိုင်ပြီး အမှောင်လောကနှင့်တကွ ထူးခြား ဆန်းကြယ်သော အကျိုးအပြစ်၊ ခြေလေးချောင်း တိရစ္ဆာန်” တို့ကို အစိုးရသည်ဟု ယူဆခဲ့ကြသည်။ *

---

* မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၈)၊ စာ ၂၂-၂၄

နက္ခတ်ဗေဒင်ပညာ (Astrology) ဟူသော ဝေါဟာရသည် ကြယ်တာရာ (Aster) နှင့် ဆင်ခြင် စဉ်းစား ကောက်ချက်ဆွဲသော ပညာ (Logic) ဟူသော ဝေါဟာရနှစ်ရပ်ကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ထို့ကြောင့် နက္ခတ်ဗေဒင်ပညာဟူသည် နက္ခတ် ပညာဖြင့် ရှာထားသော ဂြိုဟ်နှင့် ကြယ်တာရာတို့၏ သဘောသဘာဝကို အခြေခံ၍ လူတို့၏ ကံကြမ္မာကို ဟောပြောသော ပညာရပ်ဟု ဆိုရပေမည်။ နက္ခတ်ဗေဒင်ပညာအလိုအရ နေ၊ လ၊ ကြယ်၊ ဂြိုဟ်တို့၏ လှုပ်ရှားပြောင်းလဲမှု သဘာဝများသည် လူတို့အပေါ် တန်ခိုးသြဇာသက်ရောက်မှုရှိပြီး လူတို့၏ ကံကြမ္မာ အပြောင်းအလဲကို ပြုပြင်စီမံလျက်ရှိသည်ဟု လက်ခံ ယုံကြည်ထားသည်။ သာဓကအားဖြင့် တင်ပြရမည် ဆိုပါက... ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့သည် နှစ် (၂၀) ကြာတိုင်း ရာသီခွင်တစ်ခုအတွင်း၌ ဆုံမိကြချိန်တွင် ရွေးချယ်တင်မြှောက်ခြင်းခံရသော

အမေရိကန်သမ္မတများသည် လက်ရှိသမ္မတသက်တမ်း အတွင်း လုပ်ကြံခံရခြင်း (သို့မဟုတ်) အခြားသော အကြောင်းတစ်ခုခုဖြင့် သေဆုံးရခြင်းတို့ ဖြစ်ပေါ်လေ့ ရှိတတ်ကြောင်းကို သုတေသနပြုထားသော အောက်ပါ အချက်အလက်များ၌ တွေ့ရှိနိုင်ပါသည်။

(၁) ၁၈၄၀ ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ မကာရ ရာသီတွင် တွေ့ဆုံကြစဉ် ရွေးကောက်တင် မြှောက်ခြင်း ခံရသော အမေရိကန်သမ္မတ ဝီလီယံဟင်နရီ ဟာရစ်ဆင် (W.Harrison)သည် ရာထူး လက်ခံအပြီး (၃၁)ရက်အကြာတွင် နမိုးနီးယား ရောဂါ ဖြင့် ကွယ်လွန်ခဲ့သည်။

(၂) ၁၈၆၀ ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ ကန်ရာသီတွင် တွေ့ဆုံကြစဉ် ရွေးကောက် တင်မြှောက်ခြင်းခံရသော အမေရိကန်သမ္မတ လင်ကွန်း (Lincoln)

သည် ဒုတိယအကြိမ် သမ္မတသက်တမ်း အတွင်း ၁၈၆၅ ခုနှစ်၌ လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည်။

(၃) ၁၈၈၀ ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ ပြိဿရာသီတွင် တွေ့ဆုံကြစဉ် ရွေးကောက်တင်မြှောက်ခြင်းခံရသော အမေရိကန်သမ္မတ ဂျိမ်းအောဂါဖီး (James A. Garfield)သည် ၁၈၈၁ခုနှစ်၌ လုပ်ကြံသတ်ဖြတ်ခြင်းခံရသည်။

(၄) ၁၉၀၀ ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ မကာရရာသီတွင် တွေ့ဆုံကြစဉ် ရွေးကောက်တင်မြှောက်ခြင်းခံရသော အမေရိကန်သမ္မတ ဝီလီယံ မက်ကင်လေး(William Mckinley)သည် ၁၉၀၁ ခုနှစ်တွင် လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည်။

(၅) ၁၉၂၀ ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ ကန်ရာသီတွင် တွေ့ဆုံကြစဉ် ရွေးကောက် တင်မြှောက်ခြင်းခံရသော အမေရိကန်သမ္မတ ဝါရင်းဂျီဟာဒင်း (Warren G. Harding)သည် ၁၉၂၃ ခုနှစ်တွင် သမ္မတသက်တမ်းအတွင်း၌ပင် ကွယ်လွန်ခဲ့သည်။

(၆) ၁၉၄၀ ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ ပြိဿရာသီတွင် တွေ့ဆုံကြစဉ် ရွေးကောက်တင်မြှောက်ခြင်းခံရသော အမေရိကန်သမ္မတရူးစဗဲ့ (Roosevelt)သည် သမ္မတသက်တမ်းအတွင်း၌ပင် ကွယ်လွန်ခဲ့သည်။

(၇) ၁၉၆၀ ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ မကာရရာသီတွင် တွေ့ဆုံကြစဉ် ရွေးကောက် တင်မြှောက်ခြင်းခံ

ရသော အမေရိကန်သမ္မတ ကနေဒီ (Kennedy) သည် ၁၉၆၃ ခုနှစ်တွင် လုပ်ကြံ သတ်ဖြတ်ခြင်းခံရသည်။

(၈) ၁၉၈၈ ပြည့်နှစ်တွင် ကြာသပတေးဂြိုဟ်နှင့် စနေဂြိုဟ်တို့ ကန်ရာသီတွင် တွေ့ဆုံကြစဉ် ရွေးကောက်တင်မြှောက်ခြင်းခံရသော အမေရိကန်သမ္မတ ရီဂင် (Reagan)သည် ၁၉၈၁ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့တွင် လုပ်ကြံသတ်ဖြတ်ခြင်း ခံရသည်။ ချွင်းချက်မှာ လုပ်ကြံခံရသော်လည်း သမ္မတရီဂင်မှာ ယင်း သမ္မတသက်တမ်းအတွင်း၌ မသေပါ။ *

ကျွန်ုပ်တို့၏ နေစကြဝဠာ၌ ကမ္ဘာအပါအဝင် ဂြိုဟ်(၉) လုံးတို့သည် နေကို မိမိတို့တည်ရှိရာ အကွာ

---

* ဗေါင်းတည် ဘုန်းကြည်၊ နက္ခတ်ကြည့်ရှုနည်းနှင့် ကြယ်ပုံပြင်များ၊ စာ–၁၅၉–၁၆၀

အဝေးနေရာအသီးသီးမှ ဘဲဥပုံလမ်းကြောင်းအတိုင်း လက်ဝဲရစ် လှည့်ပတ်နေကြသည်။ ဤသို့ လှည့်ပတ်ရာတွင် ဂြိုဟ်ပတ်လမ်းကြောင်း အသီးသီးသည် တစ်တန်းတည်းကျလျက်ရှိသည်။ ယင်း နေ၊ လ၊ ဂြိုဟ်တို့နှင့် အလွန်ဝေးကွာသော အပြင်ဘက်တွင်မူ ကြယ်တာရာများဖြင့် ဖွဲ့စည်းထားသည့် "ရာသီခွင်ခါးပတ်ကွင်း" (Zodiac) တစ်ခု ဖြစ်ပေါ်နေပြီး စုစုပေါင်း ကြယ်လုံးရေ (၁၅၈) လုံးဖြင့် ဖွဲ့စည်းထားသော ရာသီရုပ် (၁၂) ရုပ်ရှိသည်။ (ပုံ-၂) မြန်မာမှု၌ ယင်းကို မှတ်ရလွယ်ကူစေရန် အောက်ပါလင်္ကာဖြင့် မှတ်သားလေ့ရှိပါသည်။

"တစ်ဆယ် ဆိတ်မင်း၊ နွားမင်း ဆယ့်ခွန်၊
ထုန်ပိုဆယ်လုံး၊ ဆယ့်သုံး ပုစွန်။
သိဟ်နှစ်ဆယ်ထား၊ ဆယ့်ငါး ပျိုမွန်။
ချိန်ခွင် ခြောက်၊ မြီးကောက် ဆယ့်နှစ်လွန်။
နှစ်ဆယ် မြားစွဲ၊ ကိုးတွဲမကာရ်း။

ယော ဇာ အုပ် ထိုက်

ဒိုးကိုင် သူရေး၊ ဆယ့်လေး အမှန်။
ဒါး နှစ်ကိုလည်း၊ ပိုသည်း ဆယ်တန်။
ရာသီရပ်၊ ဖော်ထုတ်ကြည့်ကြရန်”

အနောက်တိုင်းနက္ခတ်ဗေဒင်နှင့် မြန်မာနက္ခတ်ဗေဒင် နှစ်ရပ်စလုံးတွင် သတ်မှတ်ထားသော ရာသီရပ် (၁၂)ရပ်တွင် အမှတ်စဉ် (၁) မိဿရာသီနှင့် အမှတ်စဉ် (၁၀) မကာရရာသီရပ်များ၌ ကွဲလွဲချက်ရှိခြင်းမှအပ ယေဘုယျအားဖြင့် တူညီနေကြောင်း တွေ့ရှိရသည်။ **ဇယား(၃) ရှု**

ကမ္ဘာသည် ရာသီတစ်ခွင်တွင် တစ်လနှုန်းဖြင့် ၁၂)လတွင် နေကို တစ်ပတ်ကျလှည့်ပတ်နေသည်။ ပတ်လမ်းမှာ ဘဲဥပုံပတ်လမ်းဖြစ်နေသဖြင့် ရောက်ရှိသည့် ရာသီခွင်၏ နေနှင့်အနီးအဝေးပေါ်မူတည်၍ နေ့တာတိုခြင်း၊ နေ့တာရှည်ခြင်းတို့ ဖြစ်ပေါ်လာသည်။ ရာသီသတ်မှတ်ရာတွင်မူ “ကမ္ဘာ” ဘက်မှ ကြည့်ရသောကြောင့် ကမ္ဘာမှလှမ်းမြင်နိုင်သည့် “နေ”

ရောက်ရှိနေသည့် ရာသီခွင်ဖြင့် သတ်မှတ်ကြသည်။

ဥပမာ… ကမ္ဘာသည် တူရာသီခွင် ရပ်ဘက်၌ ရှိနေစဉ် တွင် "နေ"ကို တူရာသီနှင့် မျက်နှာချင်းဆိုင် ရှိ မိဿရာသီခွင် (ဆိတ်ရုပ်) ထဲ၌ တွေ့မြင်ကြရသည်။ ထို့ကြောင့် နေဝင်ရာအရပ်ကို ကြည့်၍ ဆိတ်ရုပ်ကို တွေ့သော် တန်ခူးလ (မိဿရာသီ) ဟု သိရှိမှတ်သား ရသည်။

တစ်ဖန် ယင်းရာသီခွင်နှင့် ရာသီရုပ် (၁၂) ခု တွင် အခြေခံ၍ မွေးဖွားလာသူ၏ မွေးဖွားချိန်၊ ခုနှစ်၊ လ၊ ရက်၊ နေ့ တို့ကို မူတည်ကာ "ဇာတာခွင်" (Horoscope) ဖွဲ့လေ့ရှိသည်။ "ဇာတာ" ဆိုသည် မှာ ကောင်းကင်တွင်ရှိကြသော ဂြိုဟ်များ၊ နက္ခတ် များသည် ကလေးငယ် ဖွားမြင်သောအချိန်ခါ၌ မည် သို့ ရှိနေပုံကို တိတိကျကျဖော်ပြထားသော မြေပုံ ဇယားတစ်ခုပင် ဖြစ်သည်။ တစ်နည်းအားဖြင့် ယင်း ကလေးငယ်၏ အနာဂတ်ဘဝ မြေပုံပင် ဖြစ်သည်။

## (၁၂) ရာသီခွင်ပုံပြဇယား


ဇယား (၃)

| …ာရာသီခွင် | မြန်မာရာသီရုပ် | အနောက်တိုင်းရာသီ | အနောက်တိုင်းရာသီရုပ်ခွင်နှင့် သင်္ကေတ |
|---|---|---|---|
| …သရာသီ | ဆိတ်ရုပ်ပုံ | Aries ( ♈ ) | Ram (သိုးရုပ်ပုံ) |
| …ဿရာသီ | နွားထီး | Taurus ( ♉ ) | Bull (နွားထီးရုပ်ပုံ) |
| …ထုန်ရာသီ | အမျိုး-လုမျိုး စုံတွဲရုပ်ပုံ | Gemini ( ♊ ) | Twin (အမြွှာရုပ်ပုံ) |
| …ကဋ်ရာသီ | ကဏန်းရုပ်ပုံ | Cancer ( ♋ ) | Crab (ကဏန်းရုပ်ပုံ) |
| …ဟ်ရာသီ | ခြင်္သေ့ရုပ်ပုံ | Leo ( ♌ ) | Lion (ခြင်္သေ့ရုပ်ပုံ) |
| …န်ရာသီ | မိန်းမပျိုရုပ်ပုံ | Virg0 ( ♍ ) | Virgin (ကညာပျိုရုပ်ပုံ) |
| …ရာသီ | ချိန်ခွင်ရုပ်ပုံ | Libra ( ♎ ) | Scale (ချိန်ခွင်ရုပ်ပုံ) |
| …စ္ဆာရာသီ | ကင်းမြီး ကောက် ရုပ်ပုံ | Scorpius ( ♏ ) | Scorpion (ကင်းမြီးကောက်ပုံ) |
| …ရာသီ | မြားကိုင်သူ | Sagittarius ( ♐ ) | Archer (မြားကိုင်သူပုံ) |
| …ာရရာသီ | မကာရ်ရုပ်ပုံ | Capricornus ( ♑ ) | Goat (ဆိတ်ရုပ်ပုံ) |
| …ရာသီ | အိုးကိုင် ရေ လောင်းနေသူ | Aquarius ( ♒ ) | Water Carrier (အိုးကိုင်ရေလောင်းသူ/ ရေထမ်းသမား) |
| …န်ရာသီ | ငါးနှစ်ကောင် | Pisces ( ♓ ) | Fishes (ငါးနှစ်ကောင်ပုံ) |


ယင်းဇာတာခွင်ကိုအမှီပြုဖတ်ရှုကာ လူတို့၏အနာဂတ်ကို ဟောပြောသော အတတ်ပညာကို နက္ခတ်ဗေဒင်ပညာဟု ခေါ်ဆိုခြင်းဖြစ်သည်။

ဇာတာခွင်ချပုံစနစ်မှာ လူမျိုးအသီးသီး၊ နိုင်ငံအသီးသီးအလိုက် ကွဲပြားခြားနားမှု၊ တူညီမှု အမျိုးမျိုးရှိကြရာ အိန္ဒိယ၊ အနောက်တိုင်းနှင့် မြန်မာ ဇာတာခွင်ချပုံတို့ကို နှိုင်းယှဉ်လေ့လာနိုင်ရန်အတွက် **(ပုံ-၄)** ၌ ဖော်ပြထားပါသည်။

## အိန္ဒိယ၊ အနောက်တိုင်းနှင့် မြန်မာဇာတာခွင်များ




SOUTH INDIA





NORTH INDIA

*Krishnamurti, K.S., "Casting the Horoscope"., Pp-75, 77.81

ပုံ (၄)

*




ပုံ (၄)

## မြန်မာနက္ခတ်ဗေဒင်နှင့် မြန်မာရိုးရာဗေဒင်ပညာဆိုင်ရာ အယူအဆများ

"ခရစ်သက္ကရာဇ်အစပိုင်းမှစ၍ အိန္ဒိယမှ ယဉ်ကျေး
ှ် အခြားပညာရပ်များ ဝင်ရောက်လာသည့်အတွက်
ရေခေတ္တရာခေတ်၊ ပုဂံခေတ်ကတည်းက ဟိန္ဒူဝါဒ
ဆင်းသက်လာခဲ့သော ဆေးကျမ်း၊ ဓာတ်ကျမ်း၊
တ်ဗေဒင်အပါအဝင် လောကီပညာရပ်များ မြန်မာ
ည်တွင် ပြန့်နှံ့ဝင်ရောက်လာခဲ့သည်။ သရေခေတ္တရာ
၍ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ အင်းဝ၊ အမရပူရ၊
လေးတိုင် ပုဏ္ဏားတို့သည် ရာဇဌာနီ၌ အစဉ်
က် ဆက်လက်အမှုထမ်း၍ မင်းခမ်းမင်းနားတိုင်း
ါဝင်ရသည်။ မြို့တည်၊ နန်းတက်၊ အခါကောင်း

ရွေး၊ ဘိသိက်ဆက်၊ ဗေဒင်နှင့်စပ်လျဉ်းသော အဟော
အပြောတို့ကို ဆောင်ရွက်ရသည်။

သက္ကရာဇ် ၁၁၁၅ တွင် ဦးအောင်ဇေယျသည် မုဆိုးဘို (ရွှေဘို)ကို မင်းမြို့တော်သစ် တည်ရာ၌ "ရတနာသိင်္ဃ" ဟု အမည်သမုတ်လိုသည်။ ထိုအခါ သုခမိန်က "သိင်္ဃ"ဟူသည် "လျင်သော" အနက်ရ သဖြင့် မင်းစည်းစိမ်အရှည်မရှိနိုင်။ ထို့ကြောင့် "ကုန်းဘောင်"ဟု သမုတ်ရန် အကြံပြု၏။ ဗေဒင်ကိန်းခန်း အရ...

| | | |
|---|---|---|
| တနင်္လာဂြိုဟ်သက် | ... | ၁၅ |
| ကြာသပတေးဂြိုဟ်သက် | ... | ၁၉ |
| သောကြာဂြိုဟ်သက် | ... | ၂၁ |
| | | ၅၅ |

နံ (၇)ပါးနှင့်စားသော် ...

$$
\begin{array}{r|l}
 & 7 \\
7 & 55 \\
 & 49 \\
\hline
 & 6 \text{ (အကြွင်း)}
\end{array}
$$

ဤတွင် မင်း၏မွေးနံသည် "အကြွင်း" အနေနှင့် ပေါ်၍ နံတော်ဓာတ်ရကိန်းဖြင့် မှည့်သဖြင့် မင်းညီမင်းသား ဖြစ်က ထီးနန်းရှင်၊ ရဟန်းဖြစ်က မင်းဆရာ၊ သူဆင်းရဲဖြစ်က ကြွယ်ဝမည်ဟု နိမိတ်ယူကာ "ကုန်းဘောင်" မင်းဆက်အဖြစ် မှည့်ခေါ်ခဲ့သည်။

အခြေခံ ဓာတာခွင်ချုပ်၌ မြန်မာ၊ အိန္ဒိယနှင့် အနောက်တိုင်း ဓာတာခွင်တို့မှာ တစ်ခုနှင့်တစ်ခု များစွာ မခြားနားလှပေ။ မြန်မာတို့သည် ဂြိုဟ်၊ နက္ခတ်ဆိုင်ရာ နက္ခတ်ဗေဒင်ပညာမှ ဂြိုဟ်များ၊ နက္ခတ်များ၏ သဘောသဘာဝ၊ ရာသီခွင်အလိုက် ဓာတာချုပ်တို့၌ အိန္ဒိယနက္ခတ်ဗေဒင်ပညာ၏ ဩဇာလွှမ်းမိုးမှုကို ခံရသည်။ သို့ရာတွင် နောက်ပိုင်း ကာလများ၌ မြန်မာဗေဒင်ပညာရှင်များသည် မြန်မာမှု၊ မြန်မာ့ဟန်ဖြင့် ကိုက်ညီသော နည်းစနစ်များကို တီထွင်သုံးစွဲခဲ့သည်။

မြန်မာ့ရိုးရာဗေဒင်ပညာတွင် အစပိုင်း၌ အိန္ဒိယမှ သက္ကဋဘာသာနှင့်လာသော ဗေဒင်ကျမ်းများကို မြန်မာဘာသာသို့ ပြန်ဆို၍ မြန်မာ့နက္ခတ်ဗေဒင်ပညာ

အဖြစ် အသုံးပြုခဲ့ကြသည်။ တွက်ယူရာတွင် ဂြိုဟ်စင်များကို လေးဖန်စင်နည်း (အဆင့်လေးဆင့် တွက်ပြီး အဖြေမှန်ရသောနည်း) ဖြင့် တွက်ယူရသည်။ အချိန်ကာလဖြင့် လဂ်နှင့် ဘာဝများကို တွက်ယူခဲ့ကြရသည်။ "တွက်ရိုးကျမ်း" များစွာရှိခဲ့ရာ၊ မူလည်း အမျိုးမျိုးရှိကြသည်။ ရှေးက မကာရန္တ နည်းဖြင့် တွက်ရိုးဆင်ခဲ့၍၊ ကုန်းဘောင်ခေတ်တွင်မူ "သူရိယသိဒ္ဓန္တ စနစ်"ကို အသုံးများခဲ့သည်။ တွက်ရိုးနည်းများအရ ခက်ခဲကြာရှည်စွာ တွက်ယူကြရ၍ တော်ရုံလူများ အသုံးမပြုနိုင်ကြသဖြင့် မြန်မာတို့နှင့် ကိုက်ညီသော စနစ်များကိုသာ ပြုပြင်တီတွင်အသုံးပြုခဲ့ရာမှ "လက်ဆန်းပညာရပ် များ" ပေါ်ပေါက်ခဲ့သည်။ ယင်းတို့အနက် "မဟာဘုတ်ဗေဒင်ပညာ"၊ "အင်္ဂဝိဇ္ဇာပညာ"၊ "ဆန်းဗေဒင်ပညာ"၊ "အယူတော်မင်္ဂလာ" စသည်တို့မှာ ထင်ရှားသည်။

မြန်မာ့ရိုးရာဗေဒင်ပညာတွင် ထူးခြားသောအချက်မှာ မြန်မာလူမျိုးတို့သည် ခုနှစ်၊ လ၊ ရက်၊ နာရီများထက် မွေးရက်၊ မွေးနံကို အဓိကမှတ်သားလေ့ရှိပြီး

အမည်မှည့်ခေါ်ရာ၌ မိမိ၏ မွေးဖွားရာ ဂြိုဟ်နံကို အခြေခံ၍ မှည့်ခေါ်လေ့ရှိသည်။

ဥပမာ... တနင်္ဂနွေနံ – အ၊ ဥ၊ ဣ၊ ဧ၊ ဩ။
တနင်္လာနံ – က၊ ခ၊ ဂ၊ ဃ၊ င။
အင်္ဂါနံ – စ၊ ဆ၊ ဇ၊ ဈ၊ ည။
ဗုဒ္ဓဟူးနံ – ယ၊ ရ၊ လ၊ ဝ။
ကြာသပတေးနံ – ပ၊ ဖ၊ ဗ၊ ဘ၊ မ။
သောကြာနံ – သ၊ ဟ။
စနေနံ – တ၊ ထ၊ ဒ၊ ဓ၊ န။


စသည်ဖြင့် မွေးနံအလိုက် သက်ဆိုင်ရာ အက္ခရာများဖြင့် မှည့်ခေါ်လေ့ရှိသည်။ ပုံစံအားဖြင့် တနင်္ဂနွေသားကို မောင်အေး၊ မောင်ဩ ဟုလည်းကောင်း၊ စနေသမီးကို မတင်တင်၊ မနု၊ မထား ဟုလည်းကောင်း မှည့်ခေါ်လေ့ရှိသည့်အပြင် "ပဥ္စပွတ်"၊ "ဆပွတ်" နည်းတို့ကို သုံး၍ "မောင်အေးမောင်၊ မအေးမြင့်"၊ "မောင်အေးသောင်း၊ မအေးသန်း" စသည့် ပုံစံမျိုးဖြင့်လည်း မှည့်ခေါ်လေ့ရှိသည်။

**"မဟာဘုတ်ဗေဒင်ပညာ"**တွင် နှစ်အလိုက် စိုးမိုးဂြိုဟ်များကို အခြေခံ၍ အောင်၊ လံ၊ ထူ၊ စစ်၊ သူကြီး၊ ပွဲ" ဟူသော လင်္ကာတို့ဖြင့် "စတုရန်း"နည်းကို သုံးကာ မှတ်သားလေ့ရှိသည်။ ပုံစံအားဖြင့် အောင် (တနင်္ဂနွေဂြိုဟ်)၊ လံ (တနင်္ဂနွေဂြိုဟ်မှ လေးခုမြောက်ဖြစ်သော ဗုဒ္ဓဟူးဂြိုဟ်)၊ ထူ (ဗုဒ္ဓဟူးမှ လေးခုမြောက်ဖြစ်သော စနေဂြိုဟ်)၊ စစ် (စနေမှ လေးခုမြောက်ဖြစ်သော အင်္ဂါဂြိုဟ်)၊ သူ (အင်္ဂါမှ လေးခုမြောက်ဖြစ်သော သောကြာဂြိုဟ်)၊ ကြီး (သောကြာမှ လေးခုမြောက် ဖြစ်သော တနင်္လာဂြိုဟ်)၊ ပွဲ (တနင်္လာမှ လေးခုမြောက် ဖြစ်သော ကြာသပတေးဂြိုဟ်) ဟူ၍ ဖြစ်သည်။

မဟာဘုတ်တိုင်ထုပုံမှာ မွေးသက္ကရာဇ်ကို နံ (၇) ပါး ဖြစ်သော (၇) နှင့်စား၊ အကြွင်းနံမှစ၍ "အောင်၊ လံ၊ ထူ၊ စစ်၊ သူ၊ ကြီး၊ ပွဲ" ဟူသော ဂြိုဟ်စဉ်အတိုင်း လက်ယာရစ်ချရသည်။ ဖွားဇာတာအစဉ်မှာ "ဘင်္ဂ၊ မရဏ၊ အထွန်း၊ သိုက်၊ ရာဇ၊ ပုတိနှင့် အဓိပတိ" ဟူ၍ အစဉ်အတိုင်း ဖြစ်သည်။ တိုင်စဉ်တွင် မိမိ၏

ူးနံ့ ကျရောက်သော အကွက်မှာ မိမိ၏ ဖွားဇာတာ ဖြစ်၍၊ ယင်းသက်ဆိုင်ရာ ဖွားဇာတာအရ ပြဆိုသော အချက်အလက်များကို ထုတ်နုတ်ဟောပြောသော သာရပ်ဖြစ်သည်။ ပုံစံပြရသော် ၁၃၂၅ ခုနှစ်ဖွား သောကြာ သား/သမီးအတွက် မဟာဘုတ်တိုင် ထူ မှာ...

$$\frac{၁၃၂၅}{၇} = ၂\ (\text{အကြွင်း})$$



ဤတွင် အကြွင်း (၂) ကို "ဘင်္ဂ" အကွက်မှစ၍ ဇာတာစဉ်အတိုင်း လက်ျာရစ်ပုံစံ "ကြီး၊ ပွဲ၊ အောင်၊ လံ၊ ထူ၊ စစ်၊ သူ" ဟူ၍ ဇာတာစဉ်ချရာတွင် မွေးနံဖြစ်သော သောကြာနံ (၆) သည် "အဓိပတိ" အကွက်၌ ရပ်တည်နေသဖြင့် ယင်းဇာတာရှင်ကို သောကြာသား/သမီး အဓိပတိဖွားအတွက် ပြဆိုသော ဟောချက်အတိုင်း ဟောဆိုရပေမည်။

**သောကြာအဓိပတိဖွားအတွက် ဟောချက်မှာ...**

"သောကြာဂြိုဟ် အဓိပတိ" ဖြစ်၍ ကြီးကျယ်သော စကား၊ ဗဟုသုတပြည့်စုံသော စကားများ ပြောဆိုတတ်သည်။ ပူပန်လှုပ်ရှားမှုဖြင့် ခရီးယာယီ သွားလာရခြင်း များတတ်သည်။ အမျိုးသားဖြစ်သော် နာမည်ဂုဏ်သတင်းကျော်စော၍ လေးစားလောက်သော ဇနီးကောင်းရတတ်သည်။ "တနင်္ဂနွေဂြိုဟ် အထွန်း" ဖြစ်၍ မျိုးရိုးနာမည်ဂုဏ် ကြီးမြင့်သော ဖခင်ကြောင့် တင့်တယ်နိုင်သည်။ "တနင်္လာဂြိုဟ် ဘင်္ဂ" ဖြစ်၍ ငွေကြေးရှာရန် ခက်ခဲမည် (သို့) မမြဲတတ်။ "အင်္ဂါဂြိုဟ် ပုတိ" အိမ်တွင် တည်၍ လက်

အောက် ငယ်သားများ အကျိုးမပေး၊ စက်/ဆေး လုပ်ငန်း မထွန်းကား၊ အမျိုးသမီးဖြစ်သော် အိမ်ထောင်ရေး၌ စိတ်တိုင်းမကျနိုင်။ "ဗုဒ္ဓဟူးသိုက်ဂြိုဟ်" ကြုံသဖြင့် သား/သမီးကောင်းကြောင့် တင့်တယ်ရတတ်၏။ "ကြာသပတေးဂြိုဟ် မရဏ"အိမ်၌ မြင်၍ ပညာရေး၌ နှောင့်နှေးတတ်၊ ခရီးမရောက်တတ် ဟူ၍ ဖြစ်သည်။

ထို့အပြင် မဟာဘုတ်ဇာဒင်၌ မှတ်သားရန်အတွက် ဆောင်ရန်၊ ရှောင်ရန် ဂြိုဟ်နံများရှိပြီး ယင်းတို့ကို မြန်မာတို့၏ ရှေးခေတ်လေ့များ၌ လူကြီးသူမများက ဆိုရိုးပြုပြီး မှတ်ယူသုံးစွဲတတ်ကြသည်။ ၎င်းတို့မှာ...

| | | | | |
|---|---|---|---|---|
| **အတွင်းမိတ် (၄)မျိုး** – | ဦးသာ | စိန်ပန်း | ဒါန်းလှ | ကိုရှာ |
| | ၁+၆ | ၃+၅ | ၇+၄ | ၂+၈ |
| **အပြင်မိတ် (၄)မျိုး** – | အောင်ပ | ကုလား | ဆွေသား | တော်ရင်း |
| | ၁+၅ | ၂+၄ | ၃+၆ | ၇+၈ |
| **အတွင်းရန် (၄)မျိုး၊** – | ဓမ္မာ | သောက | အင်း၀ | ရာဇာ |
| | ၇+၅ | ၆+၂ | ၁+၄ | ၈+၃ |

| | | | | |
|---|---|---|---|---|
| **အပြင်ရန် (၄)မျိုး** | – ဦးညို | ခေမာ | သုတ | ဝေရီ |
| | ၁+၃ | ၂+၅ | ၆+၇ | ၄+၈ |
| **မာတ်မိတ် (၄)မျိုး** | – အန္တော | စရေ | ဂဗ္ဘော | ဝံသေ |
| | ၁+၇ | ၃+၈ | ၂+၅ | ၄+၆ |
| **မာတ်ရန် (၄)မျိုး** | – ဦးဝေ | စံကူး | ရေဖူး | တောသူ |
| | ၁+၄ | ၃+၂ | ၈+၅ | ၇+၆ |

"အင်္ဂဝိဇ္ဇာဗေဒင်ပညာ" ကို အကြမ်းဖျင်းအားဖြင့် အင်းဝခေတ်တွင် စတင်ပေါ်ပေါက်ခဲ့သည်ဟု လူသိများသည်။ အင်းဝခေတ်တွင် ကျော်ကြားသော နတ်စက်ရောင်ဆရာတော်သည်ပင် အင်္ဂဝိဇ္ဇာကျမ်း တစ်စောင် ပြုစုသွားခဲ့သော အထောက်အထားများ တွေ့ရှိရသည်။ "တောင်တွင်းဆရာတော် ခင်ကြီးဖျော်"၏ "အင်္ဂဝိဇ္ဇာဋီကာ" ကျမ်းမှာ အထင်ရှားဆုံးသော အင်္ဂဝိဇ္ဇာကျမ်းအဖြစ် လူသိများသည်။ သို့ရာတွင် အချို့သော ဗေဒင်ပညာရှင်ကြီးများအလိုအရ အင်းဝခေတ်ထက်စောသော ကာလကတည်းကပင် အင်္ဂဝိဇ္ဇာကျမ်းများ ရှိနေပြီဟု ဆိုပါသည်။ အဘယ်ကြောင့်ဆိုသော် ပုဂံခေတ်တွင်ကျော်ကြားသော "ရှင်မထီးဆရာ

တော်”သည် “အင်္ဂဝိဇ္ဇာ(၇)တိုင် သံပေါက်နှင့် သက်တော်ရှစ်ဆယ်ကိန်း” ဟူသော ကျမ်းကို ပြုစုခဲ့ ကြောင်း ရွှေတောင်မြို့ ဆိုင်းတန်းကျောင်းဆရာ “ဦးဘိုးသာ” ပြန်ဆိုသည့် “ဓာတုဇွဲဒိကျမ်းနှင့် ဗြဟ္မိဒ္ဓိကျမ်း”တွင် အထောက်အထားအဖြစ် တွေ့ရှိ ရသည်ဟု အဆိုရှိသည်။

တောင်တွင်းဆရာတော် ခင်ကြီးဖျော်၏ “အင်္ဂဝိဇ္ဇာ ဒီပကာ”၌ တစ်နေ့တာအချိန်ကို ဂြိုဟ်စဉ်အရ စိတ် ပိုင်းရာတွင် မှတ်ရလွယ်ကူစေရန် “တ၊ ပည့်၊ စာ၊ အံ၊ သီ၊ လ၊ ခံ” ဟူသော လင်္ကာတို့ဖြင့် သောရိ (စနေဂြိုဟ်)၊ ဂုရု(ကြာသပတေးဂြိုဟ်)၊ ဘောမ (အင်္ဂါ ဂြိုဟ်)၊ သူရဇ္ဇ (တနင်္ဂနွေဂြိုဟ်)၊ သောကြ (သောကြာ ဂြိုဟ်)၊ ဗုဒ္ဓ (ဗုဒ္ဓဟူးဂြိုဟ်)၊ စန္ဒြာ(တနင်္လာဂြိုဟ်)” များကို အစဉ်အတိုင်း ဖော်ပြထားသည်။

အင်္ဂဝိဇ္ဇာပညာတွင် တစ်နေ့တာအချိန်ကို ဂြိုဟ်စဉ် အတိုင်း (၇)ပိုင်းစိတ်၍ အခါယူရာ၌ အသုံးပြုသော နည်းမှာ “ဆပွတ်နည်း” ဖြစ်သည်။ မူလအခါတွင် ခန္ဓာငါးပါးကို ညွှန်းဆိုသော (၅) ဂဏာန်းပေါင်းကာ

ဂြိုဟ်စဉ် (၇)ခုကို ရည်ညွှန်း၍ (၇) ဂဏာန်းဖြင့် စား သွားပါက ရရှိလာသောအကြွင်းဂဏာန်းများမှာ အထက် ၌ ပြဆိုခဲ့သော ဂြိုဟ်စဉ်အတိုင်း ရရှိသည်ကို တွေ့ရှိရ သည်။

ဥပမာ... သူရဋ္ဌ သောကြ ဗုဒ္ဓ

(၁)+၅ = ၆/၇ = (၆)+၅ = ၁၁/၇ (၄)+၅ = ၉/၇ = (၂)

စန္ဒြော သောရီ ဂုရု ဘောမ သူရဋ္ဌ

(၂)+၅ = ၇/၇ = (၀)+၅ = ၅/၇ = (၅)+၅ = ၁၀/၇ (၃)+၅ = ၈/၇ = (၁)

အင်္ဂလိပ်ဗေဒင်ပညာတွင် စတင်မဟောပြောမီ တွက်ချက်ရာ၌ မေးလာသောအချိန်ကို နိမိတ်ကောက် ၍ ဖော်ပြပါဂြိုဟ်စဉ်အရ တိုင်စဉ်ထူပြီးမှ "မူလ၊ သာကေ၊ နိမိတ်၊ ဟောတု၊ လက္ခဏာ" စသည်ဖြင့် တိုင်စဉ် (၅) ခုဖြင့် အနက်ကောက် ဟောပြောရပေ သည်။ တိုင်စဉ်ထူပုံကို ပုံစံပြရသော် "တနင်္ဂနွေအခါ ၏ ခယားစောက်ပုံ" ကို ယူရာ၌ "အိုင်၊ ထဲ၊ မြဲ၊ ရွှေ၊ ငွေ" ဟူသော လင်္ကာဖြင့်ယူသော် တနင်္ဂနွေကို မူလတိုင် (အလယ်တိုင်) ထား၍ အောက်ပါအတိုင်း တိုင်စဉ်ထူနိုင်ပါသည်။

## တနင်္ဂနွေအခါ၏ ယေားဖောက်ပုံ*

| | | | | |
|---|---|---|---|---|
| ၅ | ၄ | ၂ | ၁ | ၆ |
| ၂ | ၁ | ၆ | ၅ | ၃ |
| ၆ | ၅ | ၃ | ၂ | ၀ |
| ၁(အိုင်) | ၀(ထဲ) | ၅(မြဲ) | ၄(ရွှေ) | ၂(ငွေ) |
| ၄ | ၃ | ၁ | ၀ | ၅ |
| ၀ | ၆ | ၄ | ၃ | ၁ |
| ၃ | ၂ | ၀ | ၆ | ၄ |
| (မူလ) | (သာဓက) | (နိမိတ်) | (ဟေတု) | (လက္ခဏာ) |

မူလ/ အလယ် တိုင်

ဖော်ပြပါ တိုင်စဉ်ထူပုံတွင် အလယ်တိုင်ကို မူလတိုင်အဖြစ် ထား၍ ဂြိုဟ်စဉ်အတိုင်း ဆပွတ်နည်းအရ တိုင်စဉ်ချပုံမှာ ခရုပတ်ပုံဖြစ်သည်ဟု အချို့သော ဗေဒင်ပညာရှင်များက ဆိုသည်။

အင်္ဂဝိဇ္ဇာ၌ အချိန်ကို စိတ်ပိုင်း၍ ဟောပြောရာတွင် တစ်နေ့တာ (၂၄) နာရီကို (၂) ပိုင်းပိုင်းထား၍ တစ်ပိုင်းလျှင် (၁၂) နာရီစီ သတ်မှတ်ထားသည်။ ယင်း (၁၂) နာရီကို တစ်စိတ်လျှင် ၁ နာရီနှင့် မိနစ် ၃၀ ထားရှိ

* ဆောင်တွင်းဆရာတော်ခင်ကြီးဖျော်၊ အင်္ဂဝိဇ္ဇာ(ပဌမတွဲ)၊ စာ–၆

ပြီး ဂြိုဟ်စဉ် (၇)ခုအရ "သူရဇ္ဇ၊ သောကြဲ......
သူရဇ္ဇ" စသည်ဖြင့် အစဉ်အတိုင်း သတ်မှတ်ထား
သည်။ ပုံစံအားဖြင့် "တနင်္ဂနွေနေ့" တွင် တနင်္ဂနွေ
(သူရဇ္ဇ) အခါမှာ နံနက် (၆း၀၀) နာရီမှ (၇း၃၀)
နာရီထိနှင့် ညနေ (၆း၀၀) နာရီမှ (၇း၃၀) နာရီထိ
ဖြစ်သည်။ တနင်္ဂနွေနေ့တွင်ပင် သောကြာ(သောကြဲ)
အခါမှာ နံနက် (၇း၃၀) နာရီမှ (၉း၃၀) နာရီနှင့်
ညနေ (၇း၃၀) မှ (၉း၀၀) နာရီထိ ဖြစ်သည်။
"တနင်္လာနေ့" တွင်မူ တနင်္လာ(စန္ဒြာ) အခါဖြင့်
စသောကြောင့် နံနက် (၆း၀၀) နာရီမှ (၇း၃၀)
ထိမှာ တနင်္လာအခါဖြစ်သွားပြီး ညနေ (၆း၀၀)
နာရီမှ (၇း၃၀) နာရီထိမှာလည်း တနင်္လာအခါပင်
ဖြစ်သည်။ ဤနည်းအရ နေ့ (၇)နေ့အတွက် အချိန်ကို
စိတ်ပိုင်းဟောပြောသွားသည်။

ဥပမာ... တနင်္ဂနွေနေ့နံနက် (၇း၀၀) နာရီတွင်
ပြိုင်ပွဲတစ်ခု၌ သောကြာသား မောင်သောင်းနှင့် စနေ
သား မောင်တင်တို့ ယှဉ်ပြိုင်မည်ဆိုပါက မည်သူ
နိုင်မည်နည်း ဟူသော အမေးအတွက်...

<u>တနင်္ဂနွေတိုင်</u>

၅

၂

၆–(မောင်သောင်း–သောကြာသားမှာ အလယ်
တိုင်၏အထက်၌ ရှိ၏)

၁–(အလယ်တိုင်–တနင်္ဂနွေ [သူရဋ္ဌ])

၄

၀–(မောင်တင်–စနေသားမှာ အလယ်တိုင်၏
အောက်၌ ရှိ၏)

၃

ထို့ကြောင့် ယှဉ်ပြိုင်ပွဲတွင် သောကြာသား မောင်သောင်းနိုင်မည်ဟူ၍ ဟောချက်ပေးနိုင်သည်။

**"ဆန်းကျမ်း ဗေဒင်ပညာ"**သည် မဟာဘုတ် ဗေဒင်ပညာ၊ သုံးတန်ပေါ် နိစ်ပညာနှင့်အမည် အက္ခရာတို့ကို အတိတ်၊ နိမိတ်တို့နှင့်တကွ ပေါင်းစပ်ကျင့်သုံး ဟောပြောရသော ပညာတစ်ရပ်ဖြစ်သည်။ ဆန်းကျမ်း ဗေဒင်ပညာသည် ယနေ့တိုင် သီရိလင်္ကာနိုင်ငံ၌

တွင်ကျယ်စွာ ကျင့်သုံးနေသော ပညာရပ်ဖြစ်သည်။ ယင်း၏ မူလအစပြုရာမှာ အိန္ဒိယမှပင် ဖြစ်ဟန်တူသည်။ သို့ရာတွင် မြန်မာပြည်၌ အသုံးပြုနေသော ဆန်းကျမ်းဗေဒင်ပညာမှာ မြန်မာတို့အတွက် တွက်ချက် မှတ်သား ဟောပြောရ လွယ်ကူစေရန် မြန်မာမှု ပြု ပြင်ဆင်ထားချက်များရှိသောကြောင့် မြန်မာ့ရိုးရာ ဗေဒင်ပညာရပ်များအနက် ယနေ့တိုင် အသုံးပြုဆဲဖြစ်သော ပညာရပ်တစ်ခုပင် ဖြစ်သည်။

ဆန်းကျမ်းဗေဒင်ပညာတွင် အခြေခံအားဖြင့် (၃) မျိုး ခွဲခြားနိုင်သည်။

(၁) ဂဏာသုဒ္ဓိမလဆန်း – လူတစ်ယောက်၏ မွေးသက္ကရာဇ်၊ ကောဇာသက္ကရာဇ်၊ ရောက်ဆဲ အသက်တို့အပေါ် အခြေခံ၍ တွက်ကိန်း ဆင်ကာ ခွဲခြမ်း စိတ်ဖြာ ဟောပြောခြင်း။

(၂) ဗျဉ္ဇနသုဒ္ဓဆန်း – လူတစ်ဦး တစ်ယောက်၏ နာမည်ပေါ်တွင် ဗျည်း၊ သရ၊

အက္ခရာတို့ဖြင့် စင်ကြယ် အောင် ပြု၍ ခွဲခြမ်းစိတ်ဖြာ ဟောပြောခြင်း။

နာမက္ခရဆန်း – လူတစ်ဦး၏ မွေးသက္ကရာဇ် နှင့် နာမည်အက္ခရာတို့ကို ဝုဒ္ဓိ၊ ဒီဃ၊ ရဿ၊ ဝဏ္ဏ၊ ဒြပ်၊ သကက်၊ ဗျူပွတ်၊ ဓာတ်၊ တိုင်စဉ်၊ ဖို–မ၊ ဌာန် စသည့် (၁၀)ချက်ဖြင့် စိစစ် ကာ ခွဲခြမ်းစိတ်ဖြာ ဟော ပြောခြင်း။

ယင်းဆန်းကျမ်းဗေဒင်ပညာကို အစဉ်အဆက် ားဖြင့် မြန်မာမှုတွင် ရှေးဘုန်းကြီးကျောင်းများ၌ န်းတော်ကြီးများ တတ်ကျွမ်းလေ့ရှိကြကြောင်း ရှိရသည်။ ရှေးမြန်မာခေလေ့တွင် ကလေးကင်ပွန်း ပ်ခြင်း စသည်တို့ပြုရာ၌ ရွာဦး၊ မြို့ဦး ဘုန်းတော် ကြီးကျောင်းများရှိ ဆရာတော်ကြီးများထံ၌ အကြံဉာဏ် ယူလေ့ရှိသည်။ သို့မဟုတ်ပါက ကျမ်းဂန်စာပေ

နှံ့စပ်သော ရပ်ရွာလူကြီးများထံမှ အမည်ကိုရယူ၍ မှည့်ခေါ်လေ့ရှိကြောင်း တွေ့ရှိရသည်။ ဆန်းဗေဒင် (၃) ကျမ်းအနက် တတိယမြောက်ဖြစ်သော နာမက္ခရ ကျမ်းသည် မြန်မာ့ဓလေ့တွင် သုံးစွဲလေ့ရှိသည့် ကျမ်း ပင်ဖြစ်သည်။ လေ့လာလျှင် လေ့လာသလောက် အနှ စိတ်သည်။ ဥပမာ... သာမန်အားဖြင့် မြန်မာ့ရိုးရာ အမည်မှည့်ခေါ်ပုံ စနစ်၌ မိမိ မွေးနံနှင့်ဆိုင်သော အက္ခရာကိုအသုံးပြု၍ မှည့်လေ့ရှိသည်။ ဗုဒ္ဓဟူးနေ့ ဖွား ကလေးတစ်ဦးကို "မောင်လှ" ဟု အမည်ပေး သည် ဆိုပါစို့။ အဆိုပါကလေးသည် ရုပ်ရည်မလှမပ အရုပ်ဆိုး အကျည်းတန်သူဖြစ်လျှင် နာမက္ခရ ဆန်း ကျမ်း ဗေဒင်အရ "ဝဏ္ဏ"ပျက်၍ မကြီးပွားနိုင်ဟု ယူဆသည်။

**အယူတော်မင်္ဂလာ** ။ ။ မြန်မာ့ရိုးရာ ဗေဒင်ပညာတွင် ထူးခြားထင်ရှားခဲ့သော "အယူတော်မင်္ဂလာ" ပညာ ရပ်များတွင် "အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်၊ ဘဝေါ" ဟူသော ဆင်တူရိုးမှားအသုံးများသော အတိတ်၊ နိမိတ်ဆိုင်ရာ ပညာရပ်များ ပါဝင်သည်။

ဉ်စာတမ်း၌ အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်နှင့် ဘဝေါတို့၏ အနက်အဓိပ္ပာယ်ယူပုံများကို အကြမ်း ဖျင်း တင်ပြသွားပါမည်။

အယူတော်မင်္ဂလာပညာရပ်ကို အသုံးပြု၍ အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်၊ ဘဝေါ ဖြစ်ရပ်များကို အခြေခံကာ တိုင်းရေး၊ ပြည်ရေး၊ လူမှုရေး၊ စီးပွားရေး၊ စစ်ရေး စသည်ဖြင့် ပြဿနာအမျိုးမျိုးကို တိကျ မှန်ကန်စွာ ဟောပြောဖြေရှင်းနိုင်ခဲ့သဖြင့် မြန်မာ သက္ကရာဇ် (၁၁၄၃) ခုနှစ်၊ အသက် (၁၉) နှစ်အရွယ် တွင် အမရပူရမြို့တည်မင်းတရားကြီးက "နေမျိုး သေခပျံချီ" ဘွဲ့ဖြင့် ချီးမြှောက်ကာ၊ အသက် (၂၀) အရွယ်တွင် အယူတော်မင်္ဂလာဘွဲ့ကိုပေး၍ ဆား တောင် မြို့စားအဖြစ် ခန့်အပ်ခြင်းခံရသူမှာ မြန်မာ ပညာရှိကြီး ဦးနိုးပင် ဖြစ်သည်။ ဦးနိုးသည် အတိတ်၊ နိမိတ်များကို ကောက်ယူ၍ ဟောပြော ခန့်မှန်းရာ၌ ထွေအောင်မှန်သော ပညာရှိကြီးတစ်ဦးအဖြစ် မြန်မာ သမိုင်းဝင်၌ ထင်ရှားခဲ့သူ ဖြစ်သည်။

အတိတ်၊ နိမိတ်၊ စနည်း၊ တဘောင်၊ ဘဝေါတို့ကို အကြမ်းဖျင်းအားဖြင့် တူရာစုသော် "အတိတ်၊ နိမိတ်၊ ဘဝေါ"နှင့် "စနည်း၊ တဘောင်" ဟူ၍ ခွဲခြားနိုင်သည်။ "အတိတ်၊ နိမိတ်၊ ဘဝေါ" က ပုံသဏ္ဍာန် အကောင်အထည် ဒြပ်နှင့်ပြ၍ "စနည်းနှင့် တဘောင်" ကမူ အသံဖြင့် ပြသည်။

**အတိတ်** ။ ။ အတိတ်ဟူသည် နိမိတ်တစ်မျိုးပင် ဖြစ်သည်။ 'မင်္ဂလာသရဘူ'ကျမ်း၊ 'ဗလီဂြဟာတိတ္ထံ ကျမ်း'များ အလိုအရ အတိတ်ဟူသည် "သုံးပါးကာလ အတိတကို မှူတဆင်ခြင် ပမာတင်၍၊ ယူငင်ခြင်း တည်း" ဟုဆိုသည်။ အတိတ်ဟူသည် နိမိတ်ပင် ဖြစ်၍ အဖြေရှာယူပုံ ကွာခြားသဖြင့် အတိတ်ဟု ခေါ်ဆိုသည်။ လူတစ်ဦး (သို့) လူနည်းစုနှင့် သက် ဆိုင်သည်။ အတိတ်အတွေ့အကြုံ (အဆိုအမိန့်၊ အကိုး အကား၊ သမိုင်းဖြစ်ရပ်များ အပါအဝင်) ကို အခြေခံ၍ လတ်တလောဖြစ်ရပ်ပေါ်၌ ထုတ်ယူဆင်ခြင်ကာ အနာဂတ်အတွက် ကောက်ချက်ဆွဲခြင်းကို အတိတ်

ကောက်ယူသည်ဟု ခေါ်ဆိုသည်။ ဥပမာ... မျက်ခုံး လှုပ်ခြင်း၊ ကျီးသာခြင်း စသည်။
**နိမိတ်** ။ ။ အနာဂတ်မှာ ဖြစ်ပျက်ရာကို ပြလာတဲ့ ရှောင်း၊ အကြောင်းတစ်စိ တွေ့မြင်ဘိသည်ကို နှိုင်းသို့ ဆင်ခြင် သိရခြင်း” ကို နိမိတ်ဟု ဆိုလိုသည်။ အကောင်အထည် ပုံသဏ္ဍာန်နှင့်ပြသော ဖြစ်ရပ်ဘစ်ခုကို မိမိသိလိုသော ပြဿနာပေါ်တင်၍ တိုက်ရိုက်သို့နှိုင်း ဆင်ခြင်ခြင်း ဖြစ်သည်။ ဥပမာ... “ဦးနိုး၏ ပညာကို စမ်းသည့်အနေဖြင့် ပုဏ္ဏားဝန်ကြီးနှင့် အတွင်းဝန်တို့ တိုင်ပင်၍ ကြွက်တစ်ကောင်ကို အစ်ဖုံးဖြင့် အုပ်ထားပြီး မေးမြန်းရာ ဦးနိုးက ၎င်းလွှတ်တော်သို့အလာ လမ်းတွင်တွေ့ခဲ့ရသော ဝက်မကြီးနှင့် ခွေးစဝက် (၂) ကောင်တို့ကို နိမိတ်ကောက်၍ ဝက်နှင့်တူပြီး အစ်ဖုံးအောက်၌ ထားနိုင်သောအရာမှာ ကြွက်ပင်ဖြစ်သည်ဟု ဆင်ခြင်၍ ကြွက် (၃) ကောင်ရှိသည်ဟု အဖြေပေးခဲ့သည်။ အစ်ဖုံးကို ဖွင့်လိုက်သောအခါ မူလက ပညာစမ်းလို၍ ဖမ်းထားသော

ကြွက်မကြီးမှ ကြွက်လေး (၂) ကောင်ပေါက်ပြီး ပေါင်း (၃) ကောင် ဖြစ်နေသည်ကို တွေ့ရကြောင်း” ဖော်ပြထားခြင်းများ ရှိသည်။

**ဘဝေါ** ။ ။ ဘဝေါဟူသည် နိမိတ်ပင် ဖြစ်၍ တိုင်းရေး၊ ပြည်ရေး၊ အဓိကပုဂ္ဂိုလ်ကြီးများအရေးနှင့် သက်ဆိုင်သည်။ “ဘုရား၊ ပုထိုး၊ တန်ခိုးရောင်ခြည်၊ မျက်ရည်ယိုထွက်၊ ချွေးတော်သက်၍၊ နတ်စက် လောင်မီး၊ ကျောင်းမီးဇရပ် နန်းပြာသာဒ်၌၊ ကျလပ် တုံလေ၊ လနန်းငွေတွင်၊ ကြယ်ဝင်ကြယ်စွပ်၊ ရောစပ် တစ်မျိုး၊ အခိုးတန်ခွန်၊ လွတ်တို့ဟန်သည် ဖြစ်ရန် ပျက်ကြောင်း ဘဝေါတည်း” ဥပမာ…နေကြတ်ခြင်း၊ လကြတ်ခြင်း၊ ကြယ်တံခွန်ဖြတ်ခြင်းတို့ကို ကြုံရသော အခါ တိုင်းရေးပြည်ရာ မငြိမ်သက်ခြင်း၊ ရောဂါဘ ရကပ် ဆိုက်တတ် ခြင်း၊ ဆန်ရေစပါး ရှားပါးခြင်း စသည် ဖြင့် အနာဂတ်တွင် ဖြစ်လာမည့် အကြောင်းဖြစ်ရပ် များကို ကောက်ချက်ဆွဲခြင်းမျိုး ဖြစ်သည်။

**စနည်း** ။ ။ "ကြားရသောအသံစကား" ကို ကောက်ယူ၍ နိမိတ်ကောက်ကာ ပြဿနာဖြေရှင်း ဟောပြောသောနည်း ဖြစ်သည်။ ဥပမာ...လူတစ်ဦး က အယူတော်မင်္ဂလာ ကောက်ယူတတ်သူထံသို့ သွားရောက်၍ ၎င်းမှာ အလုပ်စာမေးပွဲ အကြိမ်ကြိမ် ဖြေဆိုခဲ့ရာ မအောင်သဖြင့် စိတ်ဓာတ်ကျနေကြောင်း၊ ယခု နောက်ဆုံး ဖြေဆိုခဲ့သော စာမေးပွဲအောင်မအောင် သိလိုပါသည်ဟု မေးမြန်းလာရာ၊ ၎င်းထံသို့ လာစဉ် လမ်းခရီး၌ ကြားသိခဲ့ရသော အသံများကို မေးမြန်းရာ ရေဒီယိုမှ "အောင်သပြေ၊ အောင်အတိတ်နဲ့ အောင် နိမိတ်ကို ဆောင်ယူကာလေ၊ လိုသောဆုနှင့် ပြည့်စုံ ကြစေ" ဟူသော သီချင်းသံကို ကြားရသည်ဟု ဆိုသည်။ ယင်းဖြစ်ရပ်ကို စနည်းကောက်၍ ယခု ဖြေဆိုထားသည့် စာမေးပွဲအောင်ရမည်ဟု ဟောဆိုရ သည်။

**တဘောင်** ။ ။ "ရှေ့၌ဖြစ်လတ္တံ့သော ဟိတ်ကို ဆောင်၍ ပေါ်လာသော သီချင်းမျိုး"ကို တဘောင်ဟု ဆိုသည်။ ကာလအတိုင်းအတာတစ်ခုအတွင်း လူ

ကြိုက်များ(ကလေး၊ လူကြီး)ကာ နှုတ်ဖျား၌ ရေပန်းစားနေသော ကာရံပါသည့် သံပေါက်၊ သီချင်း စသည်တို့သည် ယင်းကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် လူများစုနှင့်ဆိုင်သော ကိစ္စရပ်များအတွက် နိမိတ်ပြသဖွယ် ဖြစ်တတ်သည်။ ဥပမာ...အင်္ဂလိပ်တို့ မြန်မာနိုင်ငံအား မသိမ်းပိုက်မီက မင်းတုန်းမင်း လက်ထက်၌ တဘောင်တစ်ခု ပေါ်ခဲ့ဖူး သည်။ ယင်းတဘောင်မှာ "တုံးအောက်က တီတွန်၊ လူလွန်မသား၊ မုန့်ဆီကြော် အလယ်အက်၊ ပြည်ဖျက်မယ့်သား" ဟူ၍ဖြစ်ရာ ယင်းတဘောင်အရ မြန်မာနိုင်ငံအလယ်ပိုင်းရှိ မန္တလေးနေပြည်တော်တွင် ထီးနန်းစိုက်သော မင်းတုန်းမင်း(တုံး) နောက်တွင် ဆက်ခံလာမည့် မင်း (သီပေါမင်း) လက်ထက်၌ မြန်မာပြည်တစ်ခုလုံး သူ့ကျွန်ဘဝရောက်၍ တိုင်းပြည်ပျက်မည်ဟု နိမိတ်ကောက်ယူရပေမည်။

## ၃။ ကံကြမ္မာယုံဝါဒနှင့် ပြဋ္ဌာန်းခံဝါဒဆိုင်ရာ အမြင်များ

ကံကြမ္မာယုံဝါဒ (Fatalism) အရ "လူတို့၏ ကံကြမ္မာ အပါအဝင် အရာခပ်သိမ်းသော ဖြစ်ရပ်တို့ ... တစ်စုံတစ်ခုသော အကြောင်းတရားက အစဉ် သဖြင့် ပြဋ္ဌာန်းပြီး ဖြစ်သည်" ဟု ခံယူသည်။

"အမှန်စင်စစ် ပြဋ္ဌာန်းခံဝါဒ (Determinism) သဘောအရ အကြောင်းခြင်းရာတိုင်း၊ အဖြစ်အပျက် တိုင်း၊ အကျိုးရလာဒ်တိုင်းတို့တွင် သက်ဆိုင်ရာ အကြောင်းတရားတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အကြောင်းတရားတို့ရှိနေသည်။ စကြဝဠာ ကမ္ဘာ

လောကအတွင်းရှိ မည်သည့်အဖြစ်အပျက်တွင်မဆို အကြောင်းတရားကင်း၍ ဖြစ်ပေါ်လာခြင်းမရှိသည့် ယေဘုယျကြောင်းကျိုးနိယာမ (Universal Causation) ကို ခံယူထားသည်။ ကံကြမ္မာယုံဝါဒသည် သာမန် ပြဿနာခံဝါဒများထက် ပိုမိုပြင်းထန်သော သဘောရှိသည်။ ပထမအချက်အနေနှင့် ကံကြမ္မာယုံဝါဒက အခိုင်အမာ လက်ခံထားသည်မှာ မည်သည့်ဖြစ်ရပ်မဆို လူတို့ စီမံချယ်လှယ်နိုင်ခြင်း၏ ပြင်ပ၌ အကြောင်းရင်းပြု၍ ဖြစ်ပေါ်လာသည်ဟူ၍ ဖြစ်သည်။ ဒုတိယအချက်မှာ ခပ်သိမ်းကုန်သော အရာတို့၏ အနာဂတ်ဖြစ်စဉ်များသည် လူသားတို့အနေဖြင့် မည်သို့မျှ ပြုပြင်စီမံ၍ မရနိုင်တော့လောက်အောင် ပြဋ္ဌာန်းခံထားရပြီး ဖြစ်သည်” ဟု ခံယူထားသည်။ *

ကံကြမ္မာယုံဝါဒီတို့ခံယူသော ပြဋ္ဌာန်းခံသဘောကို အထူးသဖြင့် ရှေးဟောင်း ဂရိနှင့် ရောမခေတ်များ၌ လက်ခံယုံကြည်ခဲ့ကြသည်။ ယင်းယုံကြည်ချက်အရ ကံကြမ္မာအဆိုး (Fate)နှင့် ကံကြမ္မာအကောင်း

*J.P.,Thirous"Philosophy Theory and Practice,"Pg. 144

Destiny) တို့သည် လူသားတို့၏ သေဆုံးခြင်းနှင့် အသက်ရှင်ခြင်းတို့အပေါ်၌ လွှမ်းမိုးချုပ်ကိုင်ထား သော လက်ဆုပ်လက်ကိုင်မပြနိုင်သည့် ချယ်လှယ် ိမ်သူ အကြောင်းတရားများ ဖြစ်သည်။ ယင်း သဘောအရ လူတစ်ဦးတစ်ယောက်အနေဖြင့် မိမိ ို့ ဘဝကို ကိုယ်တိုင်ဆုံးဖြတ်၊ စီမံ၊ ဖန်တီးခွင့် ရှိတော့ဘဲ ကံကြမ္မာကသာ ကြိုးကိုင်ချယ်လှယ်သူ ဖြစ်သည်။

ဥပမာ...စစ်ပွဲတစ်ခုအတွင်း၌ သေဆုံးရမည် ဟုသည့် ကံကြမ္မာပြဋ္ဌာန်းမှု အကြောင်းတရား ပါရှိ ာသူသည် ကျည်ကာအင်္ကျီဝတ်၍ ဗုံးခိုကျင်းထဲ၌ ည်သို့ပင် ပုန်းအောင်းနေစေကာမူ ဗုံးဆံ တိုက်ရိုက် ျပါက သေခြင်းတရားကို မည်သို့မျှ ရှောင်လွှဲ၍မရ ဟုဆိုသည်။ ထို့ကြောင့် ကံကြမ္မာယုံဝါဒီများအတွက် ဖြစ်လာသမျှသော ကောင်းကျိုး၊ ဆိုးကျိုးဟူသမျှ သည် "ကံစီမံသမျှသာ"ဟု ခံယူထားကြသည်။ *

---

* Ibid., P.142

ကံကြမ္မာယုံဝါဒီများ၏ ယုံကြည်မှုအတိုင်းသာ နေထိုင်သွားမည်ဆိုပါက လူ့ဘဝ၏ လုပ်ငန်း ဆောင်တာများ ဖြစ်သည့် ကျောင်းစာသင်ကြားခြင်း၊ ငွေကြေးစုဆောင်းခြင်း၊ အိမ်ထောင်ပြုခြင်း၊ ကလေး မွေးဖွားခြင်း၊ ပရဟိတလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ လူ့အသုံးအဆောင်များ တီထွင်ခြင်း စသည့် လူမှုဝတ္တရားများကိုပင် လုပ်ဆောင်ရန်မလိုအပ်တော့ဘဲ တစ်နေကုန်တစ်နေခန်း အိပ်ရာထဲ လဲလျောင်းနေရန်သာ ရှိပေတော့မည်။

“ပျော့ပျောင်းသည့်ပြဋ္ဌာန်းခံဝါဒ (Soft-Determinism) သည် အခြေခံအားဖြင့် ပြဋ္ဌာန်းခံသဘောကို လက်ခံသော်လည်း အခြားသော ပြဋ္ဌာန်းခံဝါဒများနှင့်မတူ ခြားနားသော ခံယူချက်ရှိသည့် ဝါဒတစ်ရပ်ဖြစ်သည်။ ယင်းဝါဒတွင် ပြဋ္ဌာန်းခံသဘောအရ ယေဘုယျကြောင်းကျိုး နိယာမကို လက်ခံသည့် တစ်ချိန်တည်းမှာပင် လွတ်လပ်ခွင့် (Freedom) ဟူသော သဘောကိုလည်း အတိုင်းအတာတစ်ရပ်အထိ လက်ခံယုံကြည်ထားသည်။ ၎င်းဝါဒ

အလိုအရ ယေဘုယျကြောင်းကျိုး နိယာမသဘော ၏ အခြေခံစနစ်အတွင်းမှာပင် လူသား၏ လွတ်လပ်ခွင့် (Human Freedom) သဘောသည် ခြွင်းချက် အနေနှင့် ရှိနေသည်ဟု ခံယူသည်။ ယင်းလွတ်လပ်ခွင့်မှာ အကန့်အသတ်ပြုထားသော လွတ်လပ်ခွင့် Limitted Freedom) သဘောကိုဆောင်သည်။ *

"ပြင်းထန်သော ပြဋ္ဌာန်းခံဝါဒ (Hard-Determinism)အလိုအရ ယင်းခြွင်းချက်ကို လုံးဝလက်မခံပေ။ အဘယ်ကြောင့်ဆိုသော် ယေဘုယျကြောင်းကျိုး နိယာမသဘောအရ အလိုဆန္ဒများ၊ အတွေးများ၊ အပြုအမူများ၊ ခံစားမှုများအပါအဝင် ရုပ်ပိုင်း၊ စိတ်ပိုင်း အရာခပ်သိမ်းသည် ပြဋ္ဌာန်းခံထားရပြီး ဖြစ်သည်။ သို့ကြောင့် ဖြစ်ရပ်၊ အခြေအနေ၊ အကျိုးတရား တစ်ခုခုကို ဖြစ်ပေါ်လာစေသည့် အဓိကအကြောင်း တရားကို ခြေရာကောက်ကြည့်မည်ဆိုပါက လူသား တို့ စွမ်းဆောင်နိုင်စွမ်း နယ်ပယ်၏ အပြင်ဘက်တွင် သာ အဆုံးသတ်တွေ့ရှိရသည်။ လူအပါအဝင် အရာ

* Ibid., P.142

ခပ်သိမ်းသည် မိမိတို့ဖန်တီးပြုပြင်နိုင်ခြင်း လုံးဝမရှိသော သို့မဟုတ် အလွန်နည်းပါးလှသော ဖန်တီးခွင့်သာရှိသည့် အမည်မသိ အကြောင်းတရားများ၏ ပြဋ္ဌာန်းခြင်းကို အသီးသီးခံထားကြရပြီး ဖြစ်သည်ဟု ခံယူသည်"*

အထက်ဖော်ပြပါဝါဒ၏ ခံယူချက်အရ လူသတ္တဝါတိုင်းတွင် မိမိတို့၏ သက်ဆိုင်ရာမျိုးရိုးဗီဇပါ ပင်ကိုယ်အရည်အချင်း (Genetic Makeup) ကို မည်သို့မျှ ပြုပြင်ဖန်တီးနိုင်စွမ်းမရှိပေ။ ထို့ကြောင့် လူတစ်ဦးအနေနှင့် မိမိ၏ ပင်ကိုယ်စွမ်းဆောင်ရည်ဖြင့် မိမိနှင့်တကွ မိမိ၏ပတ်ဝန်းကျင် လူ့အဖွဲ့အစည်းတို့အပေါ် တစ်စုံတစ်ရာသော အတိုင်းအတာအထိ အကျိုးပြုနိုင်ခွင့် ရှိသည် မှန်သော်လည်း ယင်း ပင်ကိုယ်စွမ်းဆောင်ရည်၏ အရင်းခံအကြောင်းတရားမှာ မည်သို့မျှ ဖန်တီးပြုပြင်၍မရသော မျိုးရိုးဗီဇပါ ပင်ကိုယ်အရည်အချင်းသာလျှင်ဖြစ်သည်။ ဤနေရာ၌ ဩဇာသက်ရောက်မှုရှိနိုင်သော အခွင့်အလမ်းအနည်းငယ်အနေဖြင့် ကလေး

* Ibid., P.142

ာဝ ပတ်ဝန်းကျင်အခြေအနေများ၏ လွှမ်းမိုးမှုကို ခြွင်းချက်ပြု၍ လက်ခံထားသည်။

ဥပမာ… လူတစ်ဦးအနေနှင့် မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းနှင့် ကမ္ဘာလောကအတွက် လှပသပ်ရပ် သော အဆောက်အအုံများ ဆောက်လုပ်ပေးခြင်း၊ အဆင့်မြင့် လူသုံးကုန်ပစ္စည်းများ၊ နည်းပညာရပ်များ ကိုထွင်ဖန်တီးထုတ်လုပ်ပေးခြင်းဖြင့် အကျိုးပြုနိုင်ခွင့် ရှိသည်။ ထို့အပြင် စိတ်ပိုင်းဆိုင်ရာ၌ အခြားသူများ အပေါ်ထားရှိသည့် မိမိ၏ မေတ္တာ ကရုဏာစိတ်၊ ရက် ာက်သည့် စိတ်တို့ကြောင့် အခြားသူများ၏ ခံစားချက်၊ အပြုအမူတို့ကို ပြောင်းလဲအောင် ဖန်တီးနိုင်ခွင့်လည်း ရှိသည်။ သို့ရာတွင် ယင်း ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ အပြုအမူများ၊ အရည်အချင်း၊ စွမ်းဆောင်ရည်များ၏ နောက်ကွယ်၌ ထိန်းကျောင်းစီမံနေသည့် အကြောင်း ာရားမှာ လူသားတိုင်းအတွက် မည်သို့မျှ ပြုပြင် ဖန်တီးခွင့်မရှိသည့် မျိုးရိုးဗီဇအရည်အချင်းပင် ဖြစ် သည်။ ထိုအရည်အချင်းမှာ မိမိဘာသာ ဖန်တီးနိုင်

ခြင်း မရှိသလို၊ မိမိ၏ မိဘဘိုးဘွားများက ဖန်တီး ပေးခဲ့ခြင်းလည်း မဟုတ်ချေ။

ပြဋ္ဌာန်းခံဝါဒများအနေနှင့် ပြဋ္ဌာန်းခံသဘောကို ခံယူသော်လည်း လူတို့သည် မိမိ၏ အစွမ်းအစဖြင့် မိမိနေထိုင်ရာ လူ့အဖွဲ့အစည်းနှင့် ကမ္ဘာလောကအပေါ် အတိုင်းအတာတစ်ရပ်အထိ တီထွင်ဖန်တီး အကျိုးပြု နိုင်သည် ဟူသည့် သဘောကို ခံယူထားရှိသည်။ ထို့ကြောင့် "လူသည် အရာခပ်သိမ်းနှင့်ပတ်သက်၍ ဖန်တီးခွင့်၊ ဖန်တီးနိုင်စွမ်း လုံးဝမရှိ။ ကံစီမံရာ" ဟု ခံယူသော ကံကြမ္မာယုံဝါဒနှင့်စာလျှင် ပို၍ အမြင်ကျယ်သော ဝါဒများဖြစ်သည်ဟု ဆိုနိုင်ယုံမျှသာ ရှိပါလိမ့်မည်။

## ၅။ မြန်မာနိုင်ငံသို့ အိန္ဒိယမှ ဟိန္ဒူဝါဒနှင့် ဗုဒ္ဓဝါဒဆိုင်ရာ ယဉ်ကျေးမှုများ ဝင်ရောက်လာခြင်း

အေဒီ (၈) ရာစုခန့်တွင် မြန်မာတို့သည် မြန်မာပြည်တွင်းသို့ ဝင်ရောက် အခြေချ နေထိုင်လာသည့် အချိန်၌ ပြောပလောက်သော ယဉ်ကျေးမှုအဆင့်အတန်း သီးသန့်မရှိသေးချေ။ ထိုအချိန်တွင် မြန်မာပြည်တွင်း၌ ပျူနှင့် မွန်လူမျိုးတို့သည် မြို့ပြနိုင်ငံများ ဘည်ထောင်လျက် ယဉ်ကျေးမှု အဆင့်အတန်း မြင့်ဂွာဖြင့် နေနိုင်လာခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် နောက် ရောက်လာသော မြန်မာတို့သည် လက်ရှိ ယဉ်ကျေး အဆင့်မြင့်နေပြီဖြစ်သော ပျူနှင့် မွန်တို့၏ ယဉ်ကျေးမှုကို အခြေခံအုတ်မြစ်သဖွယ်ထား၍ မိမိတို့၏

ယဉ်ကျေးမှု အဆောက်အအုံကို ပြုစုပျိုးထောင်မှု ပြု ခဲ့သည်ဟု ဆိုရမည်။

မြန်မာတို့ မြန်မာပြည်တွင်းသို့ မဝင်ရောက်မီ "ခရစ်နှစ်အစမှစ၍ တောင်ပိုင်း အိန္ဒိယမှ ကုန်သည်များသည် မြန်မာနိုင်ငံ အောက်ပိုင်းသို့ ဝင်ရောက် ဆက်သွယ်မှုများ ပြုနေကြပြီ ဖြစ်သဖြင့် ဗြဟ္မဏဝါဒနှင့် ဗုဒ္ဓဝါဒပါ ရောက်ရှိလာခဲ့၏။ အဓိကအားဖြင့် သုဝဏ္ဏဘူမိသို့ ရောက်လာကြပြီး အခြေစိုက်ကြခြင်း ဖြစ်သည်။ ဗုဒ္ဓဝါဒနှင့်အတူ ဗုဒ္ဓဘာသာ၏ အဆောင်အယောင်များ ဖြစ်သည့် ဗိသုကာပညာ၊ ပန်းပုအတတ်၊ ပန်းချီအတတ်၊ ဂီတ၊ အကပညာ၊ ရွှေနှင့် ငွေ ပန်းတိမ် အတတ်ပညာနှင့် အခြားလက်မှုအတတ်ပညာများကိုပါ ရရှိကြ၏။ အရေးအပါဆုံးမှာ "ဂဒမ္ဘအက္ခရာ" ဖြင့် စာရေးသားနည်းကို ရလိုက်ခြင်းပင် ဖြစ်သည်။ ဟိန္ဒူဘာသာနှင့်အတူ ဟိန္ဒူပုရာဏကျမ်းများ၊ တရားဥပဒေ မနုဓမ္မသတ်နှင့် ပူဇော်ပသနည်းစနစ်၊ အခမ်းအနား ကျင်းပပုံ နည်းစနစ်များ၊ သျှတ္တရများ၊ ဆေးကျမ်း၊ ဆေးပညာ၊ နက္ခတ်ပညာ၊ အင်္ဂရတ် ပညာများနှင့် အခြား အလားတူပညာရပ်များပါ ရခဲ့ကြသည်"*

---

* သိပ္ပံစိုးရင် မြန်မာ့ယဉ်ကျေးမှုသမိုင်း၊ စာ-၇၃-၇၅။

“မွန်တို့သည် အိန္ဒိယ တိုင်းရင်းသားတို့ ထံမှ ဟိန္ဒူဘာသာရေးရာ အယူဝါဒများ၊ စာရေးသားသည့် အတတ်ပညာ၊ နေထိုင်ဝတ်ဆင်မှု၊ ဆက်ဆံမှုများ စသော အလေ့အထများကို နည်းနာခံယူကာ မိမိတို့ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် ဆီလျော်အောင် ပြုပြင်ဖန်တီး လက်ခံကျင့်သုံးခြင်းဖြင့် မိမိတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု ပုံစံအသွင်သို့ ပြောင်းလဲ ယူလိုက်ကြ၏။ အထူးသဖြင့် အိန္ဒိယတိုင်းသားတို့ထံမှ ဗိသုကာအတတ်၊ နက္ခတ်ဗေဒင်ပညာ၊ ဆေးပညာ ကဗျာလင်္ကာအတတ်၊ ပန်တျာအတတ်တို့ကို ရရှိကြသည်” *

ခရစ်နှစ် အစောပိုင်းကာလများကတည်းက မွန်တို့ နည်းတူ မြန်မာနိုင်ငံ၌ အခြေကျပြီးဖြစ်သည့် “ပျူ”တို့သည် ဗုဒ္ဓဘာသာနှင့်အတူ ဗိသနိုးနတ်မင်းကို အလွန်လေးစားစွာ ကိုးကွယ်ကြကြောင်း တူးဖော်တွေ့ရှိရသော သမိုင်းအထောက်အထားများအရ သိရှိနိုင်သည်။ ပျူတို့သည် မွန်တို့နှင့် တစ်ခေတ်တည်းပင် အက္ခရာစာပေကို ရရှိခဲ့သည်။ ၎င်းတို့သည်

* ၎င်း၊ စာ–၇၃

မွန်တို့ကဲ့သို့ပင် စာပေယဉ်ကျေးမှုနှင့် ဗုဒ္ဓဝါဒကို အိန္ဒိယမှ ရရှိခဲ့ကြသည်။

အမှန်စင်စစ် မြန်မာတို့သည် ကနဦးကပင် ပျူယဉ်ကျေးမှုကို ဆက်ခံယူထားပြီး ဖြစ်၏။ "ပျူယဉ်ကျေးမှုနှင့် မွန်ယဉ်ကျေးမှုများသည်လည်း အိန္ဒိယကျွန်းဆွယ် အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသတို့မှ ရောက်ရှိလာသော ယဉ်ကျေးမှုများသာဖြစ်သည်"*

အနော်ရထာမင်းစော နန်းတက်၍ မွန်နိုင်ငံကို သိမ်းပိုက်ပြီး မွန်ပညာသည်များနှင့်အတူ ပိဋကတ်သုံးပုံကိုပါ ပုဂံပြည်သို့ ပင့်ဆောင်လာခဲ့သည်မှစ၍ မွန်ယဉ်ကျေးမှုသည် အခြေခံပျူယဉ်ကျေးမှုနှင့် ရောယှက်ကာ မြန်မာ့ယဉ်ကျေးမှုအဖြစ် ဝင်ရောက်လာခဲ့သည်။ စင်စစ်အားဖြင့် မြန်မာ့ယဉ်ကျေးမှုသည် ပျူယဉ်ကျေးမှုအမာခံပေါ်တွင် မွန်ယဉ်ကျေးမှုဖြင့် မွမ်းမံ၍ အိန္ဒိယယဉ်ကျေးမှုနှင့်ရောနှောကာ မြန်မာ့အသွင်သို့ ဖန်တီးထားသော ယဉ်ကျေးမှုသာဖြစ်သည်။

* ၎င်း၊ ၈၇–၁၀၃

## ၆။ ထေရဝါဒရှိ ကံ–ကံ၏အကျိုး ယုံကြည်မှုကို အခြေခံသော မြန်မာတို့၏ ကံကြမ္မာဆိုင်ရာ ယုံကြည်မှုနှင့် ဓလေ့ထုံးစံများ

ကံကြမ္မာယုံကြည်မှုပိုင်းနှင့် စပ်လျဉ်း၍ တင်ပြရလျှင် (မြန်မာမှုရှိ ကံကြမ္မာယုံကြည်မှုသည် အခြားသော ကံကြမ္မာယုံဝါဒ၊ ပြဋ္ဌာန်းခံဝါဒများနှင့် မတူဘမှုထူးခြားသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာတို့၏ ကံနှင့်ပတ်သက်သော ယုံကြည်မှုသည် ထေရဝါဒ ဗုဒ္ဓဘာသာရှိ ကံ–ကံ၏အကျိုးနှင့် ဆက်စပ်ခံယူထားသော ယုံကြည်မှုဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

ထေရဝါဒဆိုင်ရာ ကံ–ကံ၏အကျိုးနှင့် ပတ်သက်၍ လေ့လာသော် အခြေပြုပဋ္ဌာန်းတရားတော်

၌ "**ကုသလာ အကုသလံ**–ကုသိုလ် အကုသိုလ် ဖြစ်သော၊ **ကမ္မံ**–ကံသည်၊ **ဝိပါကာနံ**–အကျိုးဖြစ်ကုန်သော **ခန္ဓာနဉ္စ**–နာမ်ခန္ဓာတို့အား လည်းကောင်း၊ **ကဋတ္တာရူပါနံ**–ကမ္မဇရုပ်တို့အား လည်းကောင်း၊ **ကမ္မပစ္စယေန**–ကမ္မပစ္စယသတ္တိဖြင့်၊ **ပစ္စယော**–ကျေးဇူးပြုသည်၊ **ဟောတိ**–ဖြစ်၏။ **စေတနာ**–စေတနာသည်၊ **သမ္ပယုတ္တကာနံ**–ယှဉ်ဖက်ဖြစ်ကုန်သော၊ **ဓမ္မာနံစ**–တရားတို့အား လည်းကောင်း၊ **တံသမုဋ္ဌာနာနံ**–ထိုစေတနာကြောင့် ဖြစ်ကုန်သော၊ **ရူပါနံစ**–စိတ္တဇရုပ်တို့အား လည်းကောင်း၊ **ကမ္မပစ္စယေန**–ကမ္မပစ္စယသတ္တိဖြင့်၊ **ပစ္စယော**–ကျေးဇူးပြုသည်၊ **ဟောတိ**–ဖြစ်၏"* ဟု ပါရှိသည်။

ကံ–ကံ၏အကျိုးနှင့်ဆက်စပ်ပြီး သိရန်မှာ ကမ္မပစ္စည်းဖြစ်သော စေတနာ(ကုသိုလ်စေတသိက်၊ အကုသိုလ် စေတသိက်) ကံက အကြောင်းတရားဖြစ်ပြီး ဝိပါကပစ္စည်းဖြစ်သော ဝိပါက်က အကျိုးတရား

* အရှင်ဇနကာဘိဝံသ၊ အခြေပြုပဋ္ဌာန်းတရားတော်၊ စာ–၁၇၂။

ဖြစ်သည်။ ထို့ကြောင့် "ကံ"ဟူသည် စေတနာ အကြောင်းခံဖြစ်သော ကုသိုလ်စေတသိက်၊ အကုသိုလ် စေတသိက်တို့မှလာသော ကုသိုလ်ကံ၊ အကုသိုလ်ကံ ဟူ၍ ရှိရာ၊ ယင်းကုသိုလ်ကံ၊ အကုသိုလ်ကံတို့သည် ကောင်းကျိုး၊ဆိုးကျိုးတို့ကို ဖြစ်ပေါ်စေသောအကြောင်း တရားများပင် ဖြစ်တော့သည်။

ထေရဝါဒ၌ကံ(၃)ပါးဖြစ်သော ကာယကံ (ကိုယ် ဖြင့် ပြုမူခြင်း)၊ ဝစီကံ (နှုတ်ဖြင့် ပြောဆိုခြင်း)၊ မနော ကံ (စိတ်ဖြင့် တွေးကြံမိခြင်း)တို့ဖြင့် ယှဉ်၍ ဖြစ်ပေါ် လာတတ်လေ့ရှိသည့် ကုသိုလ်စေတသိက်၊ အကုသိုလ် စေတသိက်တို့အားဖြင့် သုစရိုက် (၁၀)ပါးနှင့် ဒုစရိုက် (၁၀)ပါးကို ခွဲခြား သတ်မှတ်ထားသည်။

## သုစရိုက် (၁၀)ပါးမှာ...

ကာယသုစရိုက် (၃)ပါး —
- ပါဏာတိပါတဝိရတိ (သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်မှု)
- အဒိန္နာဒါနဝိရတိ (သူ့ဥစ္စာခိုးယူခြင်းမှ ရှောင်ကြဉ်မှု)
- ကာမေသုမိစ္ဆာစာရဝိရတိ (ကာမဂုဏ်တို့၌ ယုတ်ယုတ်မာမာ ပြုကျင့်မှုမှ ရှောင်ကြဉ်မှု)

ဝစီသုစရိုက် (၄)ပါး —
- မုသာဝါဒဝိရတိ (လိမ်ညာပြောဆိုမှုမှ ရှောင်ကြဉ်မှု)
- ပိသုဏာဝါစာဝိရတိ (ကုန်းချောမှုမှ ရှောင်ကြဉ်မှု)
- ဖရုသဝါစာဝိရတိ (ဆဲဆိုမှုမှ ရှောင်ကြဉ်မှု)
- သမ္ဖပ္ပလာပဝါစာဝိရတိ (သိမ်ဖျင်းသော စကား ပြောဆိုမှုမှ ရှောင်ကြဉ်မှု)

| | |
|---|---|
| မနောသုစရိုက် (၃)ပါး | အနဘိဇ္ဈာ (သူတစ်ပါး၏စည်းစိမ်ကို မတရားမကြံစည်ခြင်း)<br>အဗျာပါဒ (သူတစ်ပါး၏ ပျက်စီးကြောင်းကို မလိုလားခြင်း)<br>သမ္မာဒိဋ္ဌိ (ကောင်းသောအယူကို ယူခြင်း) |

“ဒုစရိုက် (၁၀)ပါးမှာ သုစရိုက် (၁၀)ပါးနှင့် ဆန့်ကျင်သော သူ့အသက်သတ်ခြင်း၊ သူ့ဥစ္စာ ခိုးယူခြင်း၊ ကာမဂုဏ်တို့၌ ယုတ်ယုတ်မာမာပြုကျင့်မှု၊ လိမ်ညာပြောဆိုမှု၊ ကုန်းချောစကားဆိုမှု၊ အယုတ်တမာဆဲဆိုမှု၊ သိမ်ဖျင်းသောစကားကို ပြောဆိုမှု၊ သူတစ်ပါး၏ စည်းစိမ်ကို မတရားကြံစည်မှု၊ သူတစ်ပါးပျက်စီးကြောင်းကို လိုလားမှု၊ အယူမှားမှုတို့ ဖြစ်ကြသည်”

အထက်ပါ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကို ကျူးလွန်မိရာတွင် ဖြစ်ပေါ်သော ဇော (၇) ချက်၏ အတိမ်အနက်ကိုလိုက်၍ အကျိုးတရားကို အနည်းအများ ဖြစ်ပေါ်စေသည်။ ဇော (၇) ချက်တွင် “ပထမ

ဇော” မှာ အကျိုးပေးသတ္တိအဟုန် အနည်းဆုံးဖြစ်၍ “ဒိဋ္ဌဓမ္မဝေဒနီယကံ”အနေဖြင့် ပစ္စုပ္ပန်ဘဝတွင်အကျိုးပေးခွင့်သာပါက ချက်ချင်းအကျိုးပေး၍ ပေးခွင့်မသာပါက အဟောသိကံ အလဟဿဖြစ်ကာ အကျိုးမပေးနိုင်ပေ။ အထက်မြက်ဆုံး အကျိုးပေးနိုင်သည့်ဇောမှာ “သတ္တမဇော” ဖြစ်သည်။ နောင်ဘဝအသစ်ကို တစ်ဖန်ဖြစ်စေနိုင်ပြီး ယင်းဘဝ၌ဆိုင်ရာကောင်းကျိုး၊ ဆိုးကျိုးတို့ကို ပေးနိုင်သည်။ ကျန်“အလယ်ဇော (၅)ချက်” မှာမူ “အပရာ ပရိယဝေဒနီယကံ” ဟုခေါ်ပြီး မိမိပြုခဲ့သော ကုသိုလ်ကံ၊ အကုသိုလ်ကံအနည်းအများကိုလိုက်၍ နိဗ္ဗာန်မရမချင်း ကြာကာလများ၌ အခွင့်သာလျှင် သာသလို အကျိုးပေးနိုင်သည်။

ထို့အပြင် “ဂရုကကံ၊ အသန္နကံ၊ အာစိဏ္ဏကံနှင့်ကဋတ္တာကံ” စသည်ဖြင့် အကျိုးပေး အနီးအဝေး၊ အတိမ်အနက်အရ ကံအမျိုးမျိုးကို ခွဲခြားနိုင်ပြန်သည်။

“ဂရုကကံ” ဟူသည် အလွန်အားကြီးသော ကံဖြစ်ပြီး၊ ဒုတိယဘဝ၌ မလွဲမသွေ ပြုပြင်၍မရဘဲ အကျိုးပေးမည့်ကံ ဖြစ်သည်။ (ဥပမာ…အမိအဘကို သတ်ခြင်း၊ ဘုရားရဟန္တာကိုသတ်ရန် ကြံစည်ခြင်း စသော ကံမျိုးသည် မည်သို့မျှ ပြုပြင်ခွင့်မရဘဲ အကျိုးပေးမည့် အကုသိုလ်ကံကြီးပင်ဖြစ်သည်။) ဂရုကကံနှင့်စပ်သော ကုသိုလ်၊ အကုသိုလ် အကျိုးတရားကို မည်သို့သော အကုသိုလ်ကံ၊ ကုသိုလ်ကံတို့နှင့်မျှ အစားထိုးပြုပြင်နိုင်ခွင့်မရှိပေ။ ဤနေရာ၌ “ဂရုကကံ”ဆိုင်ရာ လက်ခံယုံကြည်မှုသည် ကံကြမ္မာယုံဝါဒ၊ ပြဋ္ဌာန်းခံဝါဒ သဘောဆန်နေသည်ဟု စောဒကတက်စရာ ရှိလာသည်။ သို့ရာတွင် ဤ “ဂရုကကံ” အကျိုးကို ဖြစ်ပေါ်စေမည့် “ကံအကြောင်း”ကို ပြုလုပ်ဖန်တီးသူကို ခြေရာကောက်သော် “လူ” (ပြုမိသူ)၌ပင် အဆုံးသတ်သဖြင့် “အမည်မသိ အကြောင်းတရားများ”၏ ချယ်လှယ်စီမံရာကိုသာ ခံနေရသည်ဟု ခံယူထားသော ကံကြမ္မာယုံဝါဒ၊ ပြဋ္ဌာန်းခံဝါဒများနှင့် အခြေခံသဘော၌ပင် ကွဲလွဲမှုရှိနေကြောင်း

တွေ့ရသည်။ လူတစ်ဦး၏ ကံအကျိုးတရားကို စတင် ဖန်တီးသူမှာ "လူ"သာလျှင် ဖြစ်သည်ဟူသော သဘော သို့ သက်ရောက်သည်။

"အာသန္နကံ" မှာ ဂရုကကံမရှိပါက ဒုတိယ အကျိုးပေးသန်သော ကံ ဖြစ်သည်။ သေဆုံးကာနီး အချိန်မျိုး၌ ကပ်၍ပြုမိသော ကံမျိုးဖြစ်သည်။

"အာစိဏ္ဏကံ" မှာ အာသန္နကံ မရှိပါက တတိယ အကျိုးပေးမည့်ကံ ဖြစ်သည်။ မိမိ၏ ဘဝ တစ် လျှောက် အစဉ်သဖြင့် အထုံအစွဲဖြစ်အောင် အမြဲ မှန်မှန်ပြုလုပ်လေ့ရှိခဲ့သော ကံမျိုးဖြစ်သည်။

"ကဋတ္တာကံ"မှာမူ ရှေ့ကံ (၃) မျိုးမရှိပါမှ စပ်မိ စပ်ရာ အကျိုးပေးသည့် လွန်လေခဲ့ပြီးသော ဘဝ အဆက်ဆက်မှ ပါလာသော အားနည်းသည့်ကံ ဖြစ် သည်။

ထေရဒါဝဒဆိုင်ရာ ကံ–ကံ၏အကျိုး ယုံကြည် မှုတွင် ကံအကျိုးတရား (ဝိပါက်) ဖြစ်ပေါ်စေရန် လှုံ့ဆော်သည့် အဓိကတရားခံမှာ ဆိုင်ရာကံ အကြောင်းတရား (ကမ္မ=စေတနာ) ကို ပြုသည့် မိမိ

ကိုယ်တိုင်သာလျှင် ဖြစ်သောကြောင့် မိမိ၏ ကံဆိုး၊ ကံကောင်း အကျိုးတရားကို မိမိကသာ ဆုံးဖြတ်လုပ်ကိုင် စီမံနိုင်ခွင့်ရှိသည်ဖြစ်၍ ရှေ့၌ ဖော်ပြခဲ့သော ကံကြမ္မာယုံဝါဒ၊ ပြဋ္ဌာန်းခံဝါဒများနှင့် ခြားနားပေသည်။ မြန်မာမှုတွင် အစဉ်တစိုက် လက်ခံယုံကြည်ခဲ့ကြသည့် ထေရဝါဒဆိုင်ရာ ကံ–ကံ၏ အကျိုးတရားအမြင်တွင် လူသားတစ်ဦးအနေနှင့် မိမိ၏ကံကြမ္မာကို မည်သို့သော တန်ခိုးရှင်ကဖြစ်စေ၊ အမည်မသိအကြောင်းတရားများကဖြစ်စေ ဖန်တီးစီမံ ပြုပြင်ပြောင်းလဲခြင်းမျိုးမဟုတ်ဘဲ မိမိကသာလျှင် လွတ်လပ်စွာ ရွေးချယ်ဆုံးဖြတ်မှုပြုကာ မိမိ၏ ကုသိုလ်ကံ၊ အကုသိုလ်ကံအလျောက် အကျိုးတရားများ ဖြစ်ပေါ်လာနိုင်မည် ဖြစ်သဖြင့် ဖန်တီးသူ၊ ပြုလုပ်သူ လူသား၏ ဉာဏ်နှင့် ဝီရိယကသာလျှင် မူလအရင်းခံအကြောင်းသဖွယ် ဖြစ်နေသည်။

ထို့ကြောင့် မြန်မာပြည်ရှိ ထေရဝါဒကို လေ့လာကြသူတို့ လက်ခံယုံကြည်သော ကံ–ကံ၏ အကျိုးတရားဆိုင်ရာ အမြင်သည် တရားသေ မဆန်သော၊ လက်တွေ့ကျသော အမြင်တစ်ရပ် ဖြစ်သည်။

ယဉ်ကျေးမှု (Culture)နှင့်တကွ ယင်းနှင့် နီးနွယ်ဆက်စပ်နေသော ဓလေ့ထုံးစံ၊ ကိုးကွယ်ယုံကြည်မှု၊ အတွေးအခေါ်ဟူသည် မည်သည့်အခါမျှ သီးသီးသန့်သန့် အရောအပြွန်းကင်းပြီး ပင်ကိုပြည့်ဝနေသော လက္ခဏာမရှိပေ။ အစဉ်သဖြင့် ပြောင်းလဲနေတတ်သော သဘောဆောင်သည့် သဘာဝရှိပေသည်။ စင်စစ်ယဉ်ကျေးမှုတစ်ရပ်သည် ပြင်ပမှ ယဉ်ကျေးမှုများနှင့် လုံးဝ ကင်းကွာလျက် မိမိရှိရင်းစွဲတစ်ခုတည်း၌သာ မှီခိုရပ်တည်မည်ဆိုပါက တဖြည်းဖြည်း ကြုံလှီနုံ့နဲ့၍ တိုးတက်မှုမရှိဘဲ မှေးမှိန်သွားတတ်သည့် သာဓကများကို ကမ္ဘာ့သမိုင်းတွင် များစွာတွေ့ရှိနိုင်သည်။ သို့တစေ ပြင်ပမှ ယဉ်ကျေးမှုများ၏ လုံးဝ လွှမ်းမိုးဝါးမြိုမှုကို ခံမည်ဆိုပါကလည်း အလားတူ မှေးမှိန်ပျောက်ကွယ်သွားမည်သာ ဖြစ်သည်။


ဤတွင် "ရေတွင်းထဲမှ ကြည့်၍ လောကကြီးတစ်ခုလုံးကို မိမိသိသည်ဟု အထင်ရောက်နေသော ဖားသူငယ်" ကဲ့သို့လည်း မဖြစ်ရလေအောင်၊ တစ်ဖန်

"မိမိ၏ ကိုယ်ပိုင်ယဉ်ကျေးမှုမဏ္ဍိုင်တည်းဟူသော ိုးတံကို ပြင်ပယဉ်ကျေးမှု၏ အရှက်များချည်းသော ုးလွှမ်းခြင်းခံရသောအဖြစ်" သို့လည်း မရောက်ရ ေလအောင် ကြံဆောင်ရန်မှာ တစ်နည်းသာရှိသည်။ သင်းမှာ မိမိ၏ကိုယ်ပိုင်ဟန်ရှိသော အတွေးအခေါ် ကောင်းတို့ကို မဏ္ဍိုင်ပြု၍ အခြားသောပြင်ပလောက မှ ယဉ်ကျေးမှုများကို နှိုင်းနှိုင်းဆဆ ချင့်ချင့်ချိန်ချိန်ဖြင့် ်စစ်ဝေဖန်သုံးသပ်ကာ မိမိတို့၏ ယဉ်ကျေးမှုရှိ လို အပ်ချက်များကို ဖြည့်စွမ်း၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ွမ်းမံသွားသောနည်းပင် ဖြစ်သည်။

မြန်မာတို့သည် မိမိတို့ထက်စောစွာ ယဉ်ကျေးမှု အခြေခိုင်ခဲ့သည့် ပျူနှင့်မွန်လူမျိုးတို့မှတစ်ဆင့် အိန္ဒိယ ယဉ်ကျေးမှု အမွေအနှစ်များ လက်ခံရရှိခဲ့သည်။ သို့ကြောင့် ဟိန္ဒူဝါဒ (Hinduism) နှင့် ဗုဒ္ဓဝါဒ Buddhism)ဆိုင်ရာ အတွေးအခေါ်၊ ယုံကြည် မှုနှင့် ဓလေ့ထုံးစံတို့သည် မြန်မာတို့၏ ရိုးရာအတွေးအခေါ်၊ ယုံကြည်မှု ဓလေ့ထုံးစံတို့ထဲ၌ စိမ့်ဝင်ပျံ့နှံ့နေခဲ့သည်။

အစကနဦး ရိုးရာဓလေ့ထုံးစံတွင် ယဉ်ကျေးမှု အဆင့်အတန်း မမြင့်မားလှသေးသော အခြားလူမျိုးများနည်းတူ နတ်ကိုးကွယ်ပသမှု ဓလေ့ထုံးစံများနှင့် ယုံကြည်မှုများသာ ရှိခဲ့ဟန်တူသည်။ သို့ရာတွင် အိန္ဒိယမှ အဆင့်မြင့်သော ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် အတတ်ပညာရပ်များကို အမွေဆက်ခံရရှိပြီးနောက်တွင်မူ ဟိန္ဒူဝါဒနှင့် ဗုဒ္ဓဝါဒမှ ကောင်းနိုးရာရာ သဘောများကို မိမိလူမျိုး၏ ပင်ကိုယ်စရိုက်နှင့် ကိုက်ညီစွာ ရွေးချယ်၍ ပေါင်းစည်းမှုပြုကာ မြန်မာ့ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုအဖြစ် အသွင်ပြောင်း လက်ခံကျင့်သုံးခဲ့ကြသည်။

ကံကြမ္မာဆိုင်ရာ ယုံကြည်မှုနှင့် စပ်လျဉ်း၍လည်း ဟိန္ဒူဝါဒမှ အခြေခံလာသော နတ်ကိုးကွယ်ခြင်းဆိုင်ရာ အယူဝါဒအချို့ကို ဆက်လက်ခံယူခဲ့ကြကြောင်း မြန်မာမှုတွင် ယနေ့ထက်တိုင် လက်ခံကျင့်သုံးဆဲဖြစ်သည့် "ဘုရားကိုးဆူပူဇော်ပွဲ ကျင်းပပုံအစီအစဉ်"၌ တွေ့ရှိရသည်။ ဘုရားကိုးဆူ ပူဇော်ပွဲတွင် ဟိန္ဒူနက္ခတ်ဗေဒင်ဆိုင်ရာ အယူအဆရှိ ဂြိုဟ်ကြီး


EAST
NORTH EAST
SOUTH EAST
SUNDAY
(SUN)
Rahula
MONDAY
(MOON)
Kodanna
TUESDAY
(MARS)
Revata
NORTH
FRIDAY
(VENUS)
moggallana
Buddha
(KATE)
WEDNESDAY(DAY)
(MERCURY)
Sariputta
SOUTH
WEDNESDAY
(NIGHT)
(RAHU)
Gavampati
THURSDAY
(JUPITER)
Anada
SATURDAY
(SATURN)
Upali
NORTH WEST
SOUTH WEST
WEST

ဇယား (၄)

❖ တနင်္ဂနွေဂြိုဟ် ➧ ဂဠုန် (NORTH-EAST)

❖ တနင်္လာဂြိုဟ် ➧ ကျား (EAST)

❖ အင်္ဂါဂြိုဟ် ➧ ခြင်္သေ့ (SOUTH-EAST)

❖ ဗုဒ္ဓဟူးဂြိုဟ် ➧ ဆင် (အစွယ်ပါ) (SOUTH)

❖ ကြာသပတေးဂြိုဟ် ➧ ကြွက် (WEST)

❖ သောကြာဂြိုဟ် ➧ ပူး (NORTH)

❖ စနေဂြိုဟ် ➧ နဂါး (SOUTH-WEST)

❖ ရာဟုဂြိုဟ် ➧ ဟိုင်းဆင် (အစွယ်မပါ)
(NOUTH- WEST)

❖ ကိတ်ဂြိုဟ် ➧ မကာရ်း (CENTRE)
(သမင်ချို+ဆင်နှာမောင်း/နွယ်+ခြင်္သေ့လည်ဆံ+နဂါးကိုယ်+ငါးအမြီး)

(၉) လုံးဆိုင်ရာ အခင်းအကျင်းအပြင် ဟိန္ဒူနတ်များ ဖြစ်သည့် သူရဿတီ၊ စန္ဒီ၊ ပရမေသွ၊ မဟာပိန္နဲနှင့် ဗိဿနိုး ပေါင်း နတ် (၅) ပါးတို့ကိုလည်း ထည့်သွင်း၍ ခင်းကျင်းပြင်ဆင်လေ့ရှိသည်။ သို့ရာတွင် မြန်မာမှု ပြုလေ့ရှိခြင်း၏ ထူးခြားသောလက္ခဏာရပ်နှင့်အညီ ဘုရားကိုးဆူပူဇော်ပွဲတွင် ဟိန္ဒူဝါဒဆိုင်ရာ ဂြိုဟ်မင်း၊ နတ်မင်းများကို ပူဇော်ပသရုံသာမက ဗုဒ္ဓဝါဒရှိ ဘုရား နှင့် ရဟန္တာ (၈) ပါးတို့ကိုပါ အရပ်မျက်နှာ ထောင့် အသီးသီး၌ ထည့်သွင်းခင်းကျင်း ပူဇော်ခြင်းအားဖြင့် မြန်မာမှု အနှစ်သာရအဖြစ် ပြောင်းလဲ ခံယူထား ကြောင်း တွေ့ရှိရသည်။ ဟိန္ဒူဝါဒရှိ ယုံကြည်မှု ဖြစ် သော "လူတို့၏ ကံကြမ္မာကို ဂြိုဟ်မင်း၊ နတ်မင်းများ က အတိုင်းအတာတစ်ခုအထိ လွှမ်းမိုးနေကြောင်း" ကို လက်ခံထားသည်နှင့် တစ်ချိန်တည်းမှာပင် မြန်မာမှု အနှစ်သာရအဖြစ် ဗုဒ္ဓဝါဒရှိ ရတနာ (၃)ပါး ကိုးကွယ် ယုံကြည်မှုသဘောကိုပါ ပေါင်းစည်း လက်ခံထား သည်။ ဘုရားကိုးဆူပူဇော်ပွဲ၌ ဘုရားရှင်နှင့် ရဟန္တာ (၈) ပါးကို ဂြိုဟ်များ၏ အရပ်မျက်နှာအလိုက် ခင်း ကျင်း ပြင်ဆင်ပုံကို **ဇယား(၄)** ၌ လေ့လာနိုင်ပါ သည်။

ကံကြမ္မာဆိုင်ရာ ယုံကြည်မှုတွင် ဟိန္ဒူဝါဒရှိ ဂြိုဟ်များ၊ နက္ခတ်များ၊ နတ်များ၏ လွှမ်းမိုး ချယ်လှယ်မှု ကဏ္ဍကို တစ်စိတ်တစ်ဒေသ ခံယူထားသော်လည်း ထေရဝါဒဗုဒ္ဓဘာသာရှိ ကံ–ကံ၏ အကျိုးဆိုင်ရာ ယုံကြည်သက်ဝင်မှုသဘောကြောင့် မြန်မာတို့၏ ကံကြမ္မာဆိုင်ရာ ယုံကြည်မှုသည် တရားသေ မဆန်ဘဲ ကာလ၊ ဒေသ၊ ပယောဂနှင့် လျော်ညီစွာ ခံယူကျင့်သုံးနိုင်ခဲ့ကြသည်ဟု ဆိုရပေမည်။

မြန်မာ့ယဉ်ကျေးမှုကဏ္ဍ၏ တစ်စိတ်တစ်ပိုင်းဖြစ်သော "မြန်မာ့နက္ခတ်ဗေဒင်" ဆိုင်ရာ အမြင်တွင်လည်း အထက်၌ဆိုခဲ့သောနည်းအားဖြင့် တိုင်းတစ်ပါး (အိန္ဒိယ)မှ နက္ခတ်ဗေဒင်အမြင်ကို လက်ခံရာတွင် အခြားသော ကံကြမ္မာယုံဝါဒ (Fatalism)၊ ပြဋ္ဌာန်းခံဝါဒ (Determinism) သဘောများရှိ လက်ခံပုံမျိုး မဟုတ်ဘဲ ထေရဝါဒဗုဒ္ဓဘာသာရှိ ကံ–ကံ၏ အကျိုးတရားဆိုင်ရာ ယုံကြည်မှုနှင့် ပေါင်းစည်းကာ ယူသင့်သည်ကိုယူ၊ ပြုပြင်သင့်သည်ကို ပြုပြင်ကာ ပေါင်းစည်းလက်ခံခဲ့ခြင်းများရှိသည်ကို တွေ့ရှိနိုင်သည်။

သာဓကအားဖြင့် တင်ပြရသော် ကံကြမ္မာယုံဝါဒ၊ ပြဋ္ဌာန်းခံဝါဒ သဘောများအရ လူသားကို ကံကြမ္မာ သို့မဟုတ် အကြောင်းတရား တစ်ခုခု၏ ကြိုတင် ပြဋ္ဌာန်းမှု အောက်တွင် မလူးသာမလွန့်သာ လည်စင်းခံရမည့် သတ္တဝါအဖြစ် ပုံဖော်လက်ခံထားကြသည်။ အစဉ်အလာ နက္ခတ်ဗေဒင်အမြင်အရ လူသားသည် မိမိမွေးဖွားစဉ်ကရှိခဲ့သော ကောင်းကင်ရှိ နက္ခတ်တာရာများ၊ ဂြိုဟ်များ၏ ရပ်တည်ပုံအရ မိမိ၏ ကံကြမ္မာသည် ပြဋ္ဌာန်းခံရပြီး ဖြစ်သည်။ မိမိမွေးဖွားချိန်၊ ရက်၊ လ၊ နှစ်တို့တွင်ရှိ ဂြိုဟ်၊ နက္ခတ်များ ရပ်တည်ပုံ ဇယားဖြင့် ရေးဖွဲ့ထားသော ဇာတာ (Horoscope)ကို မိမိဘဝ၏ ပြဋ္ဌာန်းခံဗျာဒိတ်အဖြစ် လက်ခံယုံကြည်လေ့ရှိကြသည်။

မြန်မာမှု၌ လူတစ်ဦးအနေဖြင့် မိမိဘဝ၏ အနာဂတ်ကို တစ်စိတ်တစ်ဒေသအားဖြင့် ကြိုတင်သိရှိနိုင်သည်ဟု ယုံကြည်သော ပုံစံဇယားအဖြစ် လက်ခံထားသော်လည်း မိမိဘဝကို အမှန်တကယ်ပင် ပဲ့ကိုင်ထိန်းကျောင်းသူမှာ ယင်းဇာတာခွင်၌ ပါရှိသော

"အတိတ်ကံ"ချည်းသာ ဟူ၍ လက်ခံထားခြင်းမျိုး မဟုတ်ချေ။ "ကံ"အပြင် "ဉာဏ်နှင့် ဝီရိယ"ကိုပါ ထည့်သွင်းလက်ခံ၍ ယင်းအတိတ်ကံကို ဖန်တီးခဲ့သူမှာလည်း မိမိသာဖြစ်၍ အကျိုးတရားတစ်ရပ်၏ ကောင်းကျိုး၊ ဆိုးကျိုးကို မိမိဉာဏ်ဖြင့် ချင့်ချိန်ကာ ဝီရိယစိုက်ထုတ်၍ ပြုလုပ်ခြင်း၌သာ အဓိက အကြောင်းရင်းခံ ဖြစ်သည်ဟု ခံယူသည်။ ထို့ကြောင့် လက်ရှိပစ္စုပ္ပန်ဘဝ၌ ကံအကျိုးတရားကို ဖြစ်ထွန်းစေ ခဲ့သော အတိတ်ကံအကြောင်းကို ဉာဏ်၊ ဝီရိယဖြင့် မွမ်းမံပြုပြင်မည်ဆိုပါက အတိတ်ကံ၏ ကောင်းကျိုး၊ ဆိုးကျိုးကို အထိုက်အလျောက် ပြုပြင်နိုင်မည်ဟု ခံယူကြသည်။ ထို့ကြောင့်လည်း "ကုသလကမ္မပထတရား" ကို အရင်းခံသည့် ယတြာပြုခြင်းမျိုးကို မြန်မာမှု နယ်ပယ်၌ ဓလေ့ထုံးစံသဖွယ် ကုသိုလ်ပြုနည်းပုံစံ အမျိုးမျိုးဖြင့် လက်ခံကျင့်သုံးကြကြောင်း တွေ့ရှိရသည်။ ဥပမာ..."ညောင်ထောက်ခြင်း"၊ "တံတားခင်းခြင်း၊ "လမ်းပြင်ခြင်း"၊ "ဘေးမဲ့လွှတ်ခြင်း" စသည့်

ကုသိုလ်ဒါနများကို ဘုရားယတြာများအဖြစ် မြန်မာ့ ရိုးရာ ကိုးကွယ်ယုံကြည်မှု ဓလေ့ထုံးစံ၌ ခံယူကျင့်သုံး ကြကြောင်းကို ယနေ့တိုင် တွေ့ရှိနိုင်သည်။

ထို့အပြင် ယတြာပြုခြင်းတစ်မျိုးဖြစ်သော ဓာတ်ရိုက်၊ ဓာတ်ဆင်၊ ဓာတ်ပြန်ခြင်း စသော နည်းများဖြင့်လည်း မကောင်းသောကံ အကျိုးတရားကို ဖယ်ရှား၍ မိမိတို့လိုသော အကျိုးကို ဖြစ်စေသည့် ယုံကြည်မှုဖြင့် ပြုလေ့ရှိကြပြန်သည်။ ထေရဝါဒဗုဒ္ဓဘာသာရှိ "ကုသလကမ္မပထတရား"နှင့် ယှဉ်သော အပြုအမူများနှင့် ကိုက်ညီမှု ရှိကောင်း ရှိနိုင်မည် ဖြစ်သော်လည်း "ယတြာ" ဟူသော ဉာဏ်၊ ဝီရိယ စိုက်ထုတ်မှုဖြင့် အတိတ်ကံ၊ ပစ္စုပ္ပန်ကံတို့ကို အတိုင်းအတာတစ်ရပ် အထိ ပြုပြင်နိုင်သည်ဟူသော သဘောကို ခံယူကာ ကျင့်သုံးနေကြဟန် တူသည်။

"ယတြာ"ဟူသော စကားရပ်၏ အဓိပ္ပာယ်အရ "လိုအပ်သောအကျိုး၊ မလိုအပ်သောအကျိုး နှစ်ပါး တို့ကို ကောင်းစွာ ဖြစ်စေတတ်၊ ရောက်စေတတ်

သောကြောင့်” ယတြာဟုခေါ်သည်။ ဆပွတ်၊ ပဋ္ဌပွတ်၊ စတုရန်း၊ တြိရန်းတို့ကို အကြောင်းပြု၍ ယတြာဆင်ခြင်း၊ ယတြာချေခြင်း၊ ဓာတ်ပြန်ခြင်း၊ အပဓာတ် ယတြာဖြင့် လူနာကုသခြင်းတို့ကို ပြုရလေသည်။

“သူ့ကိုနိုင်လို၊ ဆနှင့်ခို၊ လိုရာဆေးဖော်သုံး” ဆိုသည့် လင်္ကာအရ တစ်ဦးတစ်ယောက်အား ကြာသပတေးနံဖြစ်သော “မြွေ”ကိုက်လျှင် ထိုကြာသပတေးနံကို အခြေခံထားလျက် ယင်းနံ၏ ဆပွတ်ဖြစ်သော “အင်္ဂါနံ”ဖြစ်သည့် “မီးစ”နှင့် ကိုက်မိသောနေရာအား ထိုးပေးလျှင် မုချ ချမ်းသာခွင့်ရနိုင်သည်။ ပြီးမှသာ မီးစကြောင့်ဖြစ်သော အနာကို ဆက်၍ ကုသနိုင်သည် ဟု ဆိုသည်။ တစ်နည်း စနေအဖျားနံ ဖြစ်သော “လင်းတ”ငှက်ကို ထိုနံ၏ ဆပွတ်ဖြစ်သော ကြာသပတေးနံ “ဖော့“ဖြင့် မကြာခဏရိုက်နှက်ပါက ဓာတ်ခိုက်ပြီး သေဆုံးရမည် မုချ ဟု အဆိုရှိသည်။

“ဓာတ်ပြန်”အကြောင်းနှင့် စပ်လျဉ်း၍ “လက်ပံမြင်းလား၊ မှတ်သားတခန်း၊ ဖွဲ့ကြမ်းကင်ပွန်း၊ ဓာတ်

ြန် ညွန်း၏" ဟူသော လက်ာအရ အသီးရှိသော "လက်ပံ"ပင်ကို "မြင်းလား"၏ အစွယ်ဖြင့် ရိုက်ပေး လျှင် အသီးအားလုံး ကြွေကျမည် ဖြစ်သည်။ အသီး ရှိသော "ကင်ပွန်း"ပင်၏ အရင်း၌ "ဖွဲကြမ်း" များ ၍ မီးရှို့ပါက ယင်းမီးခိုးနှင့် ထိသည်နှင့်တစ်ပြိုင်နက် အသီးများ ကြွေကျလာကြောင်း ဒိဋ္ဌတွေ့မြင်နိုင်သည် ဟု ဖော်ပြထားခြင်းများ ရှိသည်။

ရှေးမြန်မာဘုရင်များ လက်ထက်က ယတြာ ချခြင်းကြောင့် အကျိုးပြီးပုံကို သာဓကအဖြစ် ဖော်ပြ ထားခြင်းလည်း ရှိသည်။ သက္ကရာဇ်(၆၉၇)ခုနှစ်၌ အင်းဝမြို့ကို အုပ်စိုးသော အနော်ရထာဘုရင် (?) မင်း တရားကြီးသည် တောင်ငူကို တိုက်ခိုက်လိုသဖြင့် ဘားမဲ့ဆရာတော်အား လျှောက် ထားရာ ဆရာတော် က "တောင်ငူ"ကို နိုင်လိုလျှင် ယင်းကို ဓာတ်ပြန်ပြု ၍ "ငူတောင်" နှင့် နံတူဖြစ်သော "ခံတက်"ပင်ကို ရှာပြီးလျှင် မင်းတရားကြီး၏ နေ့နှင့်ဆိုင်ရာ တေဇ အရပ်ရှိ ခံတက်ပင်တွင် မူလအခြေခံ တပ်စခန်းချ၍

လုပ်ကြံလျှင်အောင်မြင်မည်ဟု မိန့်တော် မူလေသည်။ သို့ဖြစ်ရာ တောင်ငူသို့ချီတက်သွားပြီး ညွှန်ကြား သည့်အတိုင်း ခံတက်ပင်ရှိရာ ရှာ၍ တပ်စခန်းများ ချလေသည်။

တစ်ချိန်တည်းမှာပင် တောင်ငူဘုရင်မင်းမြတ် ကိုးကွယ်သည့် "ရှင်မုန်ယို" ဆရာတော်ကလည်း ယတြာဆင်ထားသဖြင့် ကျွဲခေါင်းရိုးနှင့် နွားခေါင်းပုံ သင်္ကာန်များ ချောက်လုန့်ပစ်ခတ်သဖြင့် မကြာခဏ ဆိုသလို တပ်လန့်ရလေသည်။ ထိုအခါ အနောက် ဘက်လွန်မင်းကြီးက ဘားမဲ့ဆရာတော်ထံသို့ ခြေမြန် တော် လွှတ်၍ လျှောက်စေလျှင် ဆရာတော်က မည်သို့မျှ မိန့်တော်မမူဘဲ ဒေါက်ချာတစ်ခုကိုယူ၍ ဦးခေါင်း၌စွပ်၍ အတန်ကြာက ဦးခေါင်းမှချွတ်ကာ ကြမ်းပြင်သို့ ပစ်ချပြီး ကျက်သရေခန်းသို့ ဝင်လေ သည်။ အကြောင်းစုံကို ပြန်လည်လျှောက်ထားရာ မင်းကြီးက ဤကိစ္စသည် ဘာသာရေး၊ သာသနာရေး နှင့် သက်ဆိုင်၍ ဆရာတော်က မမိန့်ကြားခြင်း ဖြစ်

ဟန်တူသည်ဟု စဉ်းစားကာ အတိတ်နိမိတ် ကောက်ယူလေသည်။ အတိတ်နိမိတ် ကောက်ယူပုံမှာ တောင်ငူနှင့် တစ်ပြိုင်တည်း တည်ခဲ့သော "မြတ်စောညီနောင်" ဘုရားမှ ထီးတော်ကို ချစေလိုခြင်းဖြစ်မည်ဟု ကောက်ယူကာ ထီးတော်ကို ချစေသည်။ ယခင် ကျွဲခေါင်းရိုး၊ နွားခေါင်းရိုးသင်္ကြာန်များ ပျောက်ကွယ်ပြီးနောက် တောင်ငူကို ဆက်၍တိုက်ခိုက်ရာ ကောင်းစွာ အောင်မြင်ခဲ့သည်ဟု ဆိုသည်။

မြန်မာတို့အနေနှင့် မြန်မာမှုတွင် ယနေ့တိုင် အသုံးပြုနေကြသော ဆိုရိုးစကားပုံများဖြစ်သည့် "ကံကို ယုံ၍ ဆူးပုံမနင်းရာ"၊ "ကျားရဲရာ ကြမ္မာမရိုးသာ"ဟူသည့် စကားပုံများအရ မြန်မာတို့၏ ကံကြမ္မာနှင့် နက္ခတ်ဗေဒင်အမြင်ဆိုင်ရာ ယုံကြည်မှုတို့သည် ဟိန္ဒူဝါဒ၊ အနောက်တိုင်းပြဋ္ဌာန်းခံဝါဒတို့ရှိ ယုံကြည်မှုနှင့်မတူဘဲ မိမိကံကြမ္မာ အဆိုး၊ အကောင်းကို မိမိကသာလျှင် ဆုံးဖြတ်ပြုပြင်နိုင်ခွင့်ရှိသည်ဟုသော ယုံကြည်မှုမျိုးဖြစ်ကြောင်း တွေ့ရမည် ဖြစ်

သည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် မြန်မာတို့သည် အခြားသော ထုံးဓလေ့၊ ယဉ်ကျေးမှု၊ အတွေးအခေါ်တို့ကို လိုအပ်၍ လက်ခံရာတွင် မူရင်းအတိုင်း တသဝေမတိမ်း လက်ခံခြင်းမျိုးမဟုတ်ဘဲ လိုအပ်သော အပိုင်းကိုယူ၊ မလိုသောအပိုင်းကို ပယ်၍ သင့်လျော်သော အခြားဓလေ့၊ ယဉ်ကျေးမှု၊အတွေး အခေါ်တို့နှင့် ပေါင်းစည်းရှုမြင်ကာ လက်ခံကျင့်သုံးတတ်လေ့ရှိသော ကိုယ်ပိုင်တွေးခေါ်ပုံ တွေးခေါ်နည်းရှိသည့် လူမျိုးဖြစ်သည်ဟု ဆိုနိုင်သည်။

## ၇။ ကံကြမ္မာနှင့်စပ်လျဉ်း၍ မြန်မာမှုတွင် ထေရဝါဒအမြင်နှင့် ဆက်စပ်လက်ခံပုံ

မြန်မာ့နက္ခတ်ဗေဒင်အမြင်အရ "လူတစ်ဦး၏ မွေးဖွားချိန်မှ သေဆုံးချိန်အထိ ဘဝတစ်လျှောက်လုံး၌ ဖြစ်ပျက်လာမည့် ကောင်း၊ ဆိုး၊ မှန်၊ မှား အဖြစ်အပျက်များသည် ၎င်းမွေးဖွားချိန်ရှိ ဂြိုဟ်၊ နက္ခတ်တို့၏ အနေအထားအရ ပြဋ္ဌာန်းခံထားရပြီး ဖြစ်သည်"ဟူသော ယုံကြည်မှုမှာ ဟိန္ဒူနက္ခတ်ဗေဒင်၊ အနောက်တိုင်း နက္ခတ်ဗေဒင် အမြင်တို့နှင့် ဆင်တူသည်။ သို့ရာတွင် မြန်မာမှုတွင် လက်ခံသော ကံကြမ္မာဆိုင်ရာ အမြင်၌မူ လူတစ်ဦး၏ အနာဂတ်

ကံကြမ္မာ အဆိုးအကောင်းကို ယင်းဂြိုဟ် နက္ခတ်များ၏ ရပ်တည်ပုံ ဇာတာခွင်အရ တွက်ချက်၍ ကြိုတင်သိရှိနိုင်သည်ဟူသော အချက်ကို လက်ခံသော်လည်း ယင်းအတိတ်ကပါလာသော ကံကြမ္မာ၏ ပြဋ္ဌာန်းမှုအောက်တွင် လူသားအနေဖြင့် လွတ်လပ်ခွင့်၊ ပြုပြင်ပြောင်းလဲခွင့် လုံးဝမရှိ ဟူသော သဘောကိုမူ တရားသေမခံယူပေ။

အဘယ်ကြောင့်ဆိုသော် "အတိတ်ကံ" ကို ဖြစ်စေခဲ့သော ပြုလုပ်သူ မူလအစမှာ "လူ"ပင် ဖြစ်သည်ဟူသော ထေရဝါဒ ဗုဒ္ဓဘာသာလာ ကံ–ကံ၏ အကျိုးဆိုင်ရာ ဆက်စပ်ပုံကို ယုံကြည်လက်ခံထားသောကြောင့် ဖြစ်သည်။ မြန်မာမှု၌ "ကံသာလျှင် အမိ၊ ကံသာလျှင် အဖ၊ ကံသာလျှင် အားကိုးရာ" ဟူသော ဆိုရိုးစကားကို လက်ကိုင်ပြုလေ့ရှိရာတွင် ဆိုလိုရင်းမှာ အမိအဖသဖွယ် အားကိုးအားထားပြုရာသော "ကံ" ဟူသည် မိမိ၏ စေတနာစေတသိက်အလျောက် ဖြစ်ပေါ်လာစေသော ကောင်းမှု၊ ဆိုးမှုအကျိုးကို ဖြစ်ထွန်းစေသော မိမိ၏ အပြုအမူပင်

ဖြစ်သည်။ ကောင်းသော ကုသိုလ်စေတသိက်ဖြင့် ပြုမိလျှင် ကောင်းသော ကံအကြောင်းတရားက သံသရာမဆုံးသေးသမျှ မိမိဘဝတွင် အမိအဖသဖွယ် လိုက်လံအုပ်ထိန်း၍ ကောင်းကျိုးကိုပေးရန် အခါအခွင့်ကို စောင့်နေသည်။ ထို့အတူ မကောင်းသော အကုသိုလ် စေတသိက်ဖြင့် ပြုမှားမိပါကလည်း မကောင်းသော အကုသိုလ်ကံ အကြောင်းတရားက မကောင်းသော ကံအကျိုးတရားကိုပေးဖို့ရန် အခါအခွင့် စောင့်လျက် မိမိဘဝသံသရာတစ်လျှောက် လိုက်ပါလျက်ရှိတတ်သည်။ ထို့ကြောင့် မိမိပြုခဲ့သော ကုသိုလ်ကံသည်း ကုသိုလ်ကံအလျောက်၊ အကုသိုလ်ကံလည်း အကုသိုလ်ကံအလျောက် မိမိဘဝတစ်လျှောက် အမိအဖ သဖွယ် လိုက်ပါ၍ ကောင်းကျိုး၊ ဆိုးကျိုးစသည်ဖြင့် ဆိုင်ရာအကျိုးကိုပေးရန် အခါအခွင့် စောင့်ဆိုင်းလျက် ရှိသဖြင့် "ကံသာလျှင် အမိ၊ ကံသာလျှင် အဖ" ဟု ဆိုလိုဟန်တူသည်။ ထို့ကြောင့် မြန်မာမှုတွင် လက်ခံယုံကြည်သော ကံကြမ္မာဝါဒသည် ကံကြမ္မာ၏ ပြဋ္ဌာန်းမှုကို မျက်စိမှိတ်ကာ ဖြစ်လိုရာဖြစ်စေဟူသော

အရှုံးပေးသည့် ရှုထောင့်မှခံယူသော အခြားကံကြမ္မာ ယုံဝါဒ၊ ပြဋ္ဌာန်းခံဝါဒများနှင့် ကွဲပြားခြားနားသည်။

မြန်မာတို့သည် လွတ်လပ်ခွင့်ကို မြတ်နိုးသော ပင်ကိုယ်စရိုက် လက္ခဏာအရ ထေရဝါဒရှိ ကံ-ကံ၏ အကျိုးတရားသဘောကို ခံယူယုံကြည်သော ကြောင့် "ကံ၊ ဉာဏ်၊ ဝီရိယ"(၃)ပါးစလုံးကို ကံ အကျိုးတရား ဖြစ်ပေါ်စေသည့် ကံအကြောင်းတရား အဖြစ် မှတ်ယူထားကြသည်။ အတိတ်ဘဝကပြုခဲ့ သော ကံအကြောင်းတရားသည် "ဂရုကကံ"ဟုခေါ် သည့် ပြုပြင်မရသော ကံကြီး မဖြစ်ခဲ့လျှင် လက်ရှိ ပစ္စုပ္ပန်ဘဝ၌ "ကောင်းမှု ကုသိုလ်ကံ စေတနာ"၊ "ကောင်းသော သမ္မာဒိဋ္ဌိဉာဏ်"၊ "ကောင်းစွာ စိုက် ထုတ်အပ်သော ဝီရိယ" တို့ဖြင့်ယှဉ်၍ "ကိုယ်၊ နှုတ်၊ နှလုံး"(၃)ပါးကို ကောင်းစွာ ပြုပြင် ကျင့်သုံးနေထိုင် မည်ဆိုပါက မကောင်းသောကံ အကျိုးပေးခွင့်မသာ ဘဲ ကောင်းသောကံများသည် ဆိုင်ရာ စေတနာ အနည်းအများအလျောက် အကျိုးပေးနိုင်သည်။ ထို မှ တစ်ဖန် နိဗ္ဗာန်ရောက်သည့်ဘဝတိုင် မိမိ၏

ကုသလကမ္မပထတရားတို့ဖြင့် တင်ရှိခဲ့သော အကုသိုလ် ကံကြွေးတို့ကို အထိုက်အလျောက် မေးမှိန်ပျောက်ကွယ်အောင် ပြုပြင်ထိန်းကျောင်းသွားနိုင်သည့် အခွင့်အလမ်းကို ပြဆိုထားသည်။

ထို့ကြောင့် မြန်မာမှုတွင် ခံယူထားသော ကံကြမ္မာဆိုင်ရာအမြင်သည် အခြားသော ကံကြမ္မာယုံဝါဒ၊ ပြဋ္ဌာန်းခံဝါဒများနှင့်မတူဘဲ "ကံကို ယုံ၍လည်း ဆူးပုံအတွင်း မသက်ဆင်းရာ။ ကျားရဲရာဌ်လည်း၊ ကြမ္မာအကြောင်း မယိုးစွပ်ကောင်း" ဟူသော သဘောကို ခံယူ၍ မိမိ၏ စေတနာ၊ ကံ၊ ဉာဏ်၊ ဝီရိယတို့ကို အခြေအနေ၊ အချိန်အခါနှင့်အညီသုံးကာ လူ့ဘဝခရီးကို ပြဋ္ဌာန်းခြင်း ကင်းစွာဖြင့် လျှောက်လှမ်းခွင့်ရှိသော လက်တွေ့ကျသည့် ဘဝအမြင်ဖြစ်သည်"

လူ့ဘဝခရီးတွင် ကံ၊ ဉာဏ်၊ ဝီရိယ (၃)ပါးကို မျှတစွာ သတိနှင့်ယှဉ်၍ အသုံးပြုသင့်ကြောင်းကို ဗုဒ္ဓဘာသာ စာပေကျမ်းဂန်များရှိ သုတ္တန်ဒေသနာတော်တို့၌ အခါအားလျော်စွာ ဖော်ပြလေ့ရှိတတ်ရာ ငါးသုံးကောင်ဝတ္ထု၌... "အခါတစ်ပါး၌ တံငါ

သည် တစ်ဦး၏ ပိုက်ကွန်တွင်း၌ ငါးသုံးကောင် မိလေသည်။ ပထမငါးက "ကံယုံငါး"ဖြစ်၍၊ ကံရှိလျှင် လွတ်လိမ့်မည်ဟုဆိုကာ ကံအကောင်းကို စောင့်ရုံသာ စောင့်၍ မည်သို့မျှ အားထုတ်မှုမပြုဘဲနေခြင်းဖြင့် အသက်ဆုံးရ၏။ ဒုတိယငါးမှာ "ဝီရိယယုံငါး" ဖြစ်၍ လုံ့လဝီရိယလွန်ကဲကာ ခုန်၍ ခုန်၍ နေသဖြင့် တံငါက တက်နှင့်ရိုက်ချရာ သေဆုံးရ၏။ တတိယငါးမှာ "ဉာဏ်ယုံငါး" ဖြစ်၍ အခါအခွင့်ကို ကြည့်ကာ လှေအစောင်း၌ ခုန်ချသဖြင့် လွတ်မြောက်သွားလေသည်"*

အထက်ပါဝတ္ထုကို လေ့လာသုံးသပ်လျှင် တတိယငါးမှာ လွတ်လောက်သောကံလည်းရှိ၊ ဉာဏ်ကိုလည်း အသုံးပြုကာ အခါအခွင့်ကို စောင့်၍ ဝီရိယစိုက်ထုတ်ခြင်းဖြင့် ကောင်းကျိုးချမ်းသာရနိုင်ပုံကို တွေ့မြင်ရသည်။ ထို့ကြောင့် မည်သည့်ကိစ္စတွင်မဆို ကံ၊ ဉာဏ်၊ ဝီရိယ (၃)ပါးသော အကြောင်းတို့ ညီညွတ်မှသာ အောင်မြင်နိုင်ကြောင်းကို မြန်မာမှုတွင် ဗုဒ္ဓဝါဒမှ ရသော ကံကြမ္မာယုံကြည်မှု အမြင်အဖြစ် လက်ခံ ကျင့်

ညွှန်းပြီး၊ စာ–၂၆၃၊ ၂၆၄

သုံးကြလေသည်။ ထို့ကြောင့်လည်း "ကံကိုယုံ၍ ဆုံးပုံ မနင်းရာ"၊ "ကျားရဲရာ ကြမ္မာမရှိးသာ" ဟူ သော ဆိုရိုးစကားပုံကို မြန်မာမှုတွင် ဘိုးဘွား စဉ် ဆက် သုံးစွဲလေ့ရှိကြကြောင်း တွေ့ရှိနိုင်သည်။

ကံကြမ္မာနှင့်စပ်လျဉ်း၍ မြန်မာမှုတွင် ထေရဝါဒ အမြင်နှင့် ဆက်စပ်ခံယူပုံကို "မဃဒေဝ လင်္ကာသစ်" တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

"ကံဟုမူလ၊ သမ္ဗုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်း သာရှင့်။ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ထံ၌၊ ဉာဏ် ဝီရိယ၊ ပယောဂတည်း။

ကာလဒေသ၊ ပုဂ္ဂလကို၊ နိူင်းဆအပ်တုံ၊ ကံကိုယုံ၍၊ မီးပုံအတွင်း၊ မဆင်းထိုက်စွာ၊ ကျားရဲရာလည်း၊ ကြမ္မာအကြောင်း၊ မရှိးကောင်းဟု၊ သူကောင်းရှေးက၊ ဆိုကုန်ကြ၏။

လုံ့လမထု၊ ဉာဏ်မကူဘဲ၊ အယူတစောင်း၊ ကံတစ်ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်း ကံဟု၊ ကံကိုချည်းသာ မကိုး ရာဘူး။

ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို၊ အခွင့်ရှု၍၊အပြုလုံ့လ၊ ရှိအပ်စွတည့်၊ တံငါလက်တွင်း၊ ရောက်လျှင်းတုံငြား၊ သုံးကောင်ငါးကို၊ မှတ်သား ဝမ်းထဲ၊ နည်းယူစွဲလော့။

ကံမွဲဉာဏ်နှံ့၊ မလုံ့မလ၊ နတ် မ,မဘူး၊ အ,သလမျိုး၊ အကျိုးယွင်းယို၊ အလိုရော့ရည်း၊ မကျော့ကျည်းနှင့်၊ ကိုယ်လည်းလုံ့လ၊ နတ်လည်း မ,၍၊ တောင့်တကြရာ၊ မြန်မကြာလျှင်၊ လွယ်ကာကီစွ၊ ပြီးနိုင်ကြ၏။

အနန္တာလ၊ လူထိုမျှတို့၊ ကမ္ဘာဝီရိယ၊ မယုံကြဘူး၊ သိဝမပေါ၊ ပရမေသွာ၊ ဗြဟ္မာဗိဿနိုး၊ ကျွမ်ာမိုးနှင့်၊ တန်ခိုးကြီးမား၊ နတ်ဘုရားတို့၊ ပေးစားပန်ဆင်း၊ ဖြစ်တုံလျှင်းဟု၊ ချွတ်ယွင်းသမှု၊ အများရှုသည်၊ တောင်သူ ယူလေ့ ယူလာတည်း”*

* မန်လည်ဆရာတော်၊ မဃဒေဝလင်္ကာသစ်၊ ပိုဒ်ရေ–၂၄၅၊ စာ–၁၇၆

## နိဂုံး

မြန်မာ့နက္ခတ်ဗေဒင်၊ ကံကြမ္မာဆိုင်ရာ ယုံကြည်မှုနှင့် မြန်မာတို့၏ တွေးခေါ်ပုံ တွေးခေါ်နည်းတို့ ဆက်စပ်ပုံကို လေ့လာကြည့်ရာတွင် မြန်မာတို့၏ ရှိးရာ အတွေးအမြင်၌ တစ်စိတ်တစ်ပိုင်း ထင်ဟပ်နေသော ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ဆက်ခံမှု သမိုင်းကိုလည်း ဤစာတမ်း၌ တစေ့တစောင်း တင်ပြခဲ့ပါသည်။ “ယဉ်ကျေးမှု” နယ်ပယ်တွင် ပါဝင်သည့် “ယုံကြည်မှု”ဆိုင်ရာ ကဏ္ဍဖြစ်သော မြန်မာ့နက္ခတ်ဗေဒင်နှင့် စပ်လျဉ်း၍ အဓိက တင်ပြထားသော်လည်း မြန်မာ့ရိုးရာ အတွေးအမြင်ရှိ မြန်မာတို့၏ တွေးခေါ်ပုံ တွေးခေါ်နည်း လမ်းကြောင်းကို ရှာဖွေရာ

တွင် မပါမဖြစ်သော ယဉ်ကျေးမှုနှင့် ထုံးဓလေ့ဆိုင်ရာ အယူအဆများကို လေ့လာတင်ပြရန် လိုအပ်သောကြောင့် ဤစာတမ်း၌ မြန်မာ့ယဉ်ကျေးမှု သမိုင်းအကျဉ်းကို တင်ပြခဲ့ပါသည်။

မြန်မာတို့သည် အိန္ဒိယမှဝင်ရောက်လာသော ဟိန္ဒူဝါဒနှင့် ဗုဒ္ဓဝါဒတို့ကို ပျူနှင့် မွန်လူမျိုးတို့မှ တစ်ဆင့် အမွေခံရစေကာမူ၊ ရရှိလာသော ယဉ်ကျေးမှု၊ အတွေးအခေါ်၊ ဘာသာ၊ စာပေ၊ ယုံကြည်သက်ဝင်မှုတို့ကို အရှိအတိုင်း မဆင်မခြင် လက်ခံယူလိုက်ခြင်းမျိုးမဟုတ်ဘဲ မိမိလူမျိုး၏ စရိုက်လက္ခဏာနှင့် လျော်ညီစွာ လိုအပ်သလို ပေါင်းစည်းလက်ခံ ပြုပြင်မွမ်းမံကာ ယဉ်ကျေးမှုတစ်ရပ်ကို ထူထောင်ခဲ့ကြသည်။ ယင်းသဘောကို မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ဘုရား၊ ပုထိုး၊ စေတီများရှိ အနုပညာ ဗိသုကာလက်ရာများ၊ စာပေ၊ ဘာသာစကား၊ ဓလေ့ထုံးတမ်း၊ ယုံကြည်သက်ဝင်မှုနှင့် ဘာသာအယူဝါဒတို့၌ လေ့လာသိရှိနိုင်ပါသည်။

ဤစာတမ်း၌ ယုံကြည်သက်ဝင်မှုနှင့်ဆိုင်သော "နက္ခတ်ဗေဒင်"နှင့် "ကံကြမ္မာ"ဆိုင်ရာ ယုံကြည်မှုသဘောတို့ကို ရွေးချယ်၍ လေ့လာသုံးသပ်ခဲ့ပါသည်။ မြန်မာတို့သည် အခြားသော လူမျိုး၊ နိုင်ငံတို့မှ ရရှိလာသော ယဉ်ကျေးမှု၊ အတတ်ပညာ၊ ယုံကြည်သက်ဝင်မှုတို့အပေါ် တုံ့ပြန်ရာတွင် မည်သို့မည်ပုံလက်ခံတုံ့ပြန်၍ မိမိတို့၏ ကိုယ်ပိုင်ဟန်ရှိသော ယဉ်ကျေးမှု တစ်ရပ်ကို မည်သို့ထူထောင်လေ့ရှိပုံကို မြန်မာ့နက္ခတ်ဗေဒင်ပညာနှင့် မြန်မာတို့၏ ကံကြမ္မာယုံကြည်မှု ရှုထောင့်မှ လေ့လာရင်း မြန်မာလူမျိုးတို့၏ ရိုးရာအတွေးအမြင်ရှိ တွေးခေါ်ပုံ တွေးခေါ်နည်း (Myanmar Ways of Thinking) ဆိုင်ရာ လမ်းစတစ်ခုကို ရှာဖွေကြည့်ခြင်း ဖြစ်ပါသည်။

မြန်မာတို့သည် ဟိန္ဒူဝါဒမှ လက်ခံရရှိလာသော ဂြိုဟ်၊ နက္ခတ်ဆိုင်ရာ ယုံကြည်မှု၊ နက္ခတ်ဗေဒင်ပညာနှင့် နီးနွယ်သော ပညာရပ်တို့ကို မြန်မာမှု မြန်မာ့ဟန်၊ မြန်မာ့နည်းစနစ်ဖြင့် တီထွင်ကာအသုံးပြုနိုင်ခဲ့ကြောင်း

ကို မြန်မာ့ရိုးရာ မဟာဘုတ်ဗေဒင်ပညာ၊ အင်္ဂဝိဇ္ဇာပညာ၊ ဆန်းဗေဒင်ပညာနှင့် အယူတော်မင်္ဂလာပညာရပ်များ၌ လေ့လာတွေ့ရှိနိုင်ပုံကို ဖော်ပြပြီး ဖြစ်ပါသည်။

ကံကြမ္မာဆိုင်ရာ ယုံကြည်သက်ဝင်မှုတွင် ဟိန္ဒူဝါဒရှိ ဂြိုဟ်မင်း၊ နတ်မင်းများကို ယုံကြည်ကိုးကွယ်ခဲ့ရာမှ နောက်ပိုင်း၌ ထေရဝါဒရှိ ကံ–ကံ၏အကျိုးဆိုင်ရာ ယုံကြည်မှုဖြင့် အစားထိုး ပေါင်းစည်း၍သာလျှင် လက်ခံမှုပြုခဲ့ကြောင်းကိုလည်း လေ့လာသိရှိရသည်။ ထို့ကြောင့် မြန်မာတို့၏ ကံကြမ္မာဆိုင်ရာ ယုံကြည်မှုသည် လူ့ဘဝ၌ ကြုံတွေ့ရသော အကောင်းအဆိုး ဟူသမျှသည် တန်ခိုးရှင်တစ်ဦးဦး၏ အလိုကျပြဋ္ဌာန်းမှုကြောင့်သာ ဖြစ်ပေါ်နေသည်ဟု ယုံကြည်သော အမြင် (Pre-determination)မှ လည်းကောင်း၊ လူ့ဘဝ၌ ကြုံတွေ့ရသော အကောင်းအဆိုး ဖြစ်ရပ်ဟူသမျှသည် အတိတ်ကံကြောင့်ချည်း ဖြစ်ရသည်ဟူသောအမြင်(ပုဗ္ဗေကတဟေတုဒိဋ္ဌိ)မှလည်းကောင်း၊ ကံစီမံသည့်အတိုင်းသာ ဖြစ်ရသည်ဟူသော ကံကြမ္မာ

ယုံဝါဒ (Fatalism) နှင့် ကုသိုလ် အကုသိုလ်ဆိုသော အကောင်းအဆိုး တရားများသည် ပင်ကိုယ်ပကတိ အားဖြင့် တကယ်မရှိသောအရာများ ဖြစ်သည်ဟု ခံယူသော ဝါဒ (Nihilism)တို့မှလည်းကောင်း လွတ် ကင်းသော အမြင် ဖြစ်သည်ဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံသို့ ထေရဝါဒ ဗုဒ္ဓဘာသာ ဝင်ရောက် လာချိန်တွင် မူလကလက်ခံပြီးဖြစ်သော နတ်ကိုး ကွယ်မှု၊ ဟိန္ဒူဝါဒနှင့် မဟာယာနဗုဒ္ဓဘာသာတို့ ဘစတစ မေးမိန်ကာ ထေရဝါဒကိုသာ အဓိက လက်ခံယုံကြည်ခဲ့သည်ကို ထောက်ချင့်၍ မြန်မာတို့ သည် အတွေးအခေါ် အယူဝါဒတစ်ရပ်ကို လက်ခံ ဘုံပြန်ရာတွင် ကြောင်းကျိုးယုတ္တိ ရှိမရှိ၊ နေ့စဉ် သုနေမှုဘဝတွင် မည်သို့မည်ပုံ အကျိုးပြုနိုင်မှု ရှိမရှိ ပေါ် ချင့်ချိန်နှိုင်းဆ၍ လက်ခံလေ့ရှိသည်ဟု ဆိုရ ပေမည်။ ထို့ကြောင့် ဤနေရာတွင် မြန်မာလူမျိုး ဘို့ ၏ ခံယူပုံမှာ အနောက်တိုင်းမှာကဲ့သို့ "အသိ ညာသည် အသိပညာအတွက်သာ ဖြစ်သည်" Knowledge for the sake of knowledge) ဟူသော

ပုံစံမျိုးမဟုတ်ဘဲ“အသိပညာသည် လက်တွေ့ဘဝတွင် အသုံးကျနိုင်ရန်အတွက် ဖြစ်သည် ဟူသော (Knowledge for the application to life)သဘောဖြင့် ခံယူထားသည်ကို တွေ့နိုင်သည်။

“စိစစ်ဝေဖန်နိုင်မှု၊ ပယ်သင့်သည်ကိုပယ် ယူသင့်သည်ကို ယူလေ့ရှိသည့် တရားသေမဆန်သော ဆင်ခြင် ဆုံးဖြတ်နိုင်မှု၊ ရရှိလာသော အတွေးအမြင်၊ အယူအဆ၊ ယဉ်ကျေးမှုတို့ကို တစ်ခုနှင့်တစ်ခု ပေါင်းစည်း လက်ခံတတ်မှု၊ မိမိ၏ကိုယ်ပိုင်ဟန်ဖြင့် တီထွင်ကာ အသုံးချနိုင်မှု၊ စိတ်ကူးယဉ်မဆန်ဘဲ လက်တွေ့ဘဝတွင် အသုံးချနိုင်ရေးကို အဓိကထား ရွေးချယ်တတ်မှု စသည့် တွေးခေါ်ပုံ တွေးခေါ်နည်း အစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းသင့်သည်” ဟု မြန်မာ့ယဉ်ကျေးမှုကိုနှစ်သက်ကြသော သုတေသီတို့က ယူဆခဲ့ကြသည်။

ခေတ်မီတိုးတက်နေသော ယနေ့ မျက်မှောက်ကာလတွင် ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီး၊ လူမျိုး အသီးသီးတို့ အကြား၌ ယဉ်ကျေးမှုများ၊ အတတ်ပညာများ၊

အတွေးအခေါ်များသည် လွယ်ကူစွာ ကူးလူး ယှက်နွယ် နေကြသည်။ ယင်းသဘောကို မည်သို့သော အတား အဆီးမျိုးနှင့်မျှ တားဆီး၍ မရနိုင်ချေ။ ယဉ်ကျေးမှု၊ အတွေးအခေါ်တို့သည် အဆက်အဆံရှိနေသမျှ ကာလ ပတ်လုံး လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံကြားတွင် အစဉ်သဖြင့် စိမ့်ဝင်ပြန့်နှံ့မြဲ ဓမ္မတာမှာ ရှေးအစဉ်အဆက်ကတည်းက ရှိခဲ့သော သဘာဝပင် ဖြစ်သည်။ အရေးကြီးသည့်အချက်မှာ မိမိနိုင်ငံ၊ မိမိလူမျိုး၏ ယဉ်ကျေးမှု၊ အတွေးအခေါ်တို့ ကို အခြားသော ယဉ်ကျေးမှု၊ အတွေးအခေါ်များက လွှမ်းမိုးဝါးမျိုခြင်းမခံရစေဖို့ ဖြစ်သည်။ ဤနေရာ၌ မိမိတို့၏ ယဉ်ကျေးမှု၊ အတွေးအခေါ်တို့ မပျောက် ကွယ်၊ မဆိတ်သုဉ်းစေရေးအတွက် အစဉ်အလာ ကောင်းခဲ့သော မြန်မာတို့၏ တွေးခေါ်ပုံ တွေးခေါ်နည်း ဝိသေသလက္ခဏာများကို ဆက်လက်၍ ထိန်းသိမ်း စောင့်ရှောက်သွားရေးသည် မြန်မာနိုင်ငံသား အားလုံး ၏ အမျိုးသားရေးတာဝန်ပင် ဖြစ်ပါလိမ့်မည်။

❒ ❒ ❒ ❒ ❒

# ကိုးကားကျမ်းများ

၁။ ခင်ကြီးဖျော် အင်္ဂလိပ်မြန်မာ အဘိဓာန် (ပဥ္စမတွဲ)
တောင်တွင်းဆရာတော်။

ပိဋကတ်တော် ပြန့်ပွားရေး
ပုံနှိပ်တိုက်၊ မန္တလေးမြို့။
၁၉၆၉–ခုနှစ်။

၂။ စိုးရင်၊ သိပ္ပံ။ "မြန်မာ့ယဉ်ကျေးမှု သမိုင်း"
ယမင်းစာပေ၊
(၃၉) လမ်း၊ ရန်ကုန်မြို့။
၁၉၆၈–ခုနှစ်။

၃။ ဇနကာဘိဝံသ၊ အရှင်။ "အခြေပြုပဋ္ဌာန်းတရားတော်"
သုဓမ္မဝတီ ပိဋကတ်စာအုပ်
တိုက်၊ ရန်ကုန်မြို့။
၁၉၉၀–ခုနှစ်။

ယော စာ အုပ် တိုက်

| | |
|---|---|
| ၄။ ဇနကာဘိဝံသ၊ အရှင်။ | "ရတနာ့ဂုဏ်ရည်"<br>အသိုင်းအဝိုင်းစာပေ၊<br>ကမ္ဘာအေး၊ ရန်ကုန်မြို့။<br>၁၉၉၂–ခုနှစ်။ |
| ၅။ ညိုမြ၊ အိုးဝေ၊ ဦး။ | "ကုန်းဘောင်ရှာပုံတော်"<br>မြန်မာစာပေတိုက်၊<br>ရန်ကုန်မြို့။<br>၁၉၈၂–ခုနှစ် |
| ၆။ [illegible]၊ ဒဂုန်။ | "မြန်မာရိုးရာ မဟာဘုတ် ဗေဒင်ပညာ" (ပထမတွဲ)၊<br>စမ်းသီတာစာပေ၊<br>ရန်ကုန်မြို့။<br>၁၉၉၃–ခုနှစ်။ |
| ၇။ ဗေဒင်ပညာရှင်တစ်ဦး။ | "စကြဝဠာ အရုဏ်ဦးအစနှင့် ဗေဒင်ပညာ"<br>အေးမြင့်စာပေ၊<br>ကန်တော်ကလေး၊<br>ရန်ကုန်မြို့။ |

၈။ ဘသိန်း၊ သီရိပျံချီ ဝဏ္ဏကျော်ထင်၊ ဦး။ "ကိုယ်တွေ့ အယူတော် မင်္ဂလာ"
တန်ခူးစာအုပ်တိုက်၊
၁၆/ဘိုးလိန်းလမ်း၊
ရန်ကုန်မြို့။
၁၉၈၅–ခုနှစ်။

၉။ ဘုန်းကြည်၊ ပေါင်းတည်။ "နက်ခဲလှစွာ စကြဝဠာ"
ဥသြမြိုင်စာပေ၊
၁၂၉၊ ဆိပ်ကမ်းသာလမ်း၊
ရန်ကုန်မြို့။
၁၉၈၀–ခုနှစ်။

၁၀။ ဘုန်းကြည်၊ ပေါင်းတည်။ "နက္ခတ်ကြည့်ရှုနည်းနှင့် ကြယ်ပုံပြင်များ"
ဥသြမြိုင်စာပေ၊
၁၂၉၊ ဆိပ်ကမ်းသာလမ်း၊
ရန်ကုန်မြို့။
၁၉၈၁–ခုနှစ်။

၁၁။ မန်လည်ဆရာတော်။ "မဟာသုတကာရီ မဃဒေဝ လင်္ကာသစ်နှင့်လိနတ္ထဒီပနီ"
သာသနာရေးဦးစီးဌာန၊
ရန်ကုန်မြို့။
၁၉၈၃–ခုနှစ်။

၁၂။ မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်း "မြန်မာ့စွယ်စုံကျမ်း"၊ အတွဲ (၂)၊ စာပေဗိမာန်၊
ရန်ကုန်မြို့။
၁၉၇၃–ခုနှစ်။

၁၃။ မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်း "မြန်မာ့စွယ်စုံကျမ်း၊ အတွဲ (၃)၊ စာပေဗိမာန်၊
ရန်ကုန်မြို့။
၁၉၅၆–ခုနှစ်။

၁၄။ မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်း "မြန်မာ့စွယ်စုံကျမ်း"၊ အတွဲ (၆)၊ စာပေဗိမာန်၊
ရန်ကုန်မြို့။
၁၉၆၂–ခုနှစ်။

| | |
|---|---|
| ၁၅။ မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်း | "မြန်မာ့စွယ်စုံကျမ်း"၊ အတွဲ (၇)၊ စာပေဗိမာန်၊ ရန်ကုန်မြို့။ ၁၉၆၃–ခုနှစ်။ |
| ၁၆။ မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်း | "မြန်မာ့စွယ်စုံကျမ်း"၊ အတွဲ (၈)၊ စာပေဗိမာန်၊ ရန်ကုန်မြို့။ ၁၉၆၄–ခုနှစ်။ |
| ၁၇။ မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်း | "မြန်မာ့စွယ်စုံကျမ်း"၊ အတွဲ (၁၀)၊ စာပေဗိမာန်၊ ရန်ကုန်မြို့။ ၁၉၆၈–ခုနှစ်။ |
| ၁၈။ မြတ်ခိုင်၊ ဒေါ်။ | "ချစ်စရာဂဏန်းများနှင့် ဗေဒင်ပညာ" ပညာဝေပုလ္လ ပိဋကတ်စာပေ၊ ရွှေဂုံတိုင်၊ ဗဟန်း၊ ရန်ကုန်မြို့။ ၁၉၈၄–ခုနှစ်။ |

၁၉။ ရဲမြတ်၊ ဆရာ (သုတေသီ) "သိမှတ်ဖွယ်ရာ ဆန်းဗေဒင်ပညာ"
ရွှေပုရပိုက်စာပေ၊
ဗဟန်း၊ ရန်ကုန်မြို့။
၁၉၉၂–ခုနှစ်။

၂၀။ Htin Aung, Mg., "Folk Elements in Burmese Buddhism," Religious Affairs Dept., Kaba-Aye, Rangoon, 1959.

၂၁။ Krishnamurti,K.S., "Casting the Horoscope." Hariman Publications, Madras, 1982.

၂၂။ Thiroux, J.P., "Philosophy: Theory and Practice." MACMILLAN PUBLISHING COMPANY, NewYork, 1985.